မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၃၁ ] ရန်ကုန်မြို့ { ၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက် ( ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၄ ရက် ) } သောကြာနေ့ [ အတွဲ ၇၀

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၁၀/၂၀၁၇**

၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်

(၂၀၁၇ ခုနှစ်၊ ဇွန်လ ၅ ရက်)

**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ (က)၊ (ဃ) နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၉) တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးကျော်လင်း ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၁၁/၂၀၁၇**

၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်

(၂၀၁၇ ခုနှစ်၊ ဇွန်လ ၅ ရက်)

**ဧရာဝတီတိုင်းဒေသကြီးဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (စ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ (ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးဋ္ဌေးဝင်း ကို ဧရာဝတီတိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီးအဖြစ် ခန့်အပ်တာဝန် ပေးလိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## အမိန့်အမှတ် (၅၇/၂၀၁၇)

၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက်

(၂၀၁၇ ခုနှစ်၊ ဧပြီလ ၃ ရက်)

၁။ စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်၊ ဦးစီးအရာရှိ ဦးအောင်နိုင်စိုး (တ/၃၀၆၆) သည် ယခင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမြို့နယ်တရားရုံး၊ မြို့နယ်တရားသူကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ် ကလေးဝမြို့နေ ကွယ်လွန်သူ ကျောင်းဆရာမ ဒေါ်ခင်ထား၏ပင်စင်ထောက်ပံ့ကြေးငွေမှ ကျပ်သိန်း (၄၀) ကို မြန်မာ့စီးပွားရေးဘဏ်မှထုတ်ယူနိုင်ရန်အတွက် ဒေါ်ခင်ထား၏ညီမဖြစ်သူ ဒေါ်ခင်နု (ခ) ဒေါ်ခင်မြတ်နုနှင့် ဒေါ်တင်တင်နုတို့က ကလေးဝမြို့နယ်တရားရုံး၌ ကျမ်းကျိန်လွှာသွားရောက်ဆောင်ရွက်ရာတွင် ကလေးဝ မြို့နယ်တရားသူကြီး ဦးအောင်နိုင်စိုးနှင့် ဘီလစ်စာရေးဒေါ်ညွန့်ညွန့်ထွေး (ခ) ထွေးထွေးတို့က ငွေကျပ် နှစ်သိန်းတောင်းခံခဲ့ခြင်းအပေါ် အရေးယူပေးပါရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခြင်းခံရသဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က အဖွဲ့ဖွဲ့စည်း၍ စုံစမ်းစစ်ဆေးမှု ပြုလုပ် ခဲ့ပြီး၊ ကလေးဝမြို့နယ်တရားသူကြီး ဦးအောင်နိုင်စိုးသည် ငွေကြေးတောင်းခံရယူခဲ့ကြောင်း ပေါ်ပေါက်မှု မရှိသော်လည်း လက်အောက်ဝန်ထမ်း ဘီလစ်စာရေးအား ကြီးကြပ်မှုအားနည်းခြင်း၊ ဒေါ်ခင်နု (ခ) ဒေါ်ခင်မြတ်နုထံသို့ ၎င်း၏ကိုယ်ပိုင်ငွေကျပ်နှစ်သိန်းကို ပြန်လည်ပေးအပ်ခဲ့ခြင်း၊ အမှုမှန်မပေါ်ပေါက်စေရေး အတွက် လိမ်လည်ထွက်ဆိုချက်ပေးရန် စည်းရုံးခဲ့ခြင်းများရှိကြောင်းတွေ့ရှိရသဖြင့် ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းနှင့်အညီ အရေးယူပေးပါရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အကြောင်းကြားလာ ခြင်းကြောင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ဦးအောင်နိုင်စိုးအပေါ် ဌာနဆိုင်ရာစုံစမ်းစစ်ဆေးမှု ပြုလုပ်ခဲ့ပါသည်။

၂။ ဌာနဆိုင်ရာစုံစမ်းစစ်ဆေးရေးအဖွဲ့၏စုံစမ်းစစ်ဆေးချက်အရ ကလေးဝမြို့နယ်တရားသူကြီး ဦးအောင်နိုင်စိုး (ယခု စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်၊ ဦးစီးအရာရှိ) သည် အချင်းဖြစ်ကိစ္စနှင့် စပ်လျဉ်း၍ မိမိရုံးဝန်ထမ်းအား ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းအရ အရေးယူဆောင်ရွက်မှုပြုလုပ်သင့်ပါလျက် အရေးယူ ဆောင်ရွက်ခဲ့မှုမရှိခြင်း၊ ဒေါ်ခင်နုထံကိုယ်တိုင်သွားရောက်၍ ဒေါ်ညွန့်ညွန့်ထွေးယူသည့်ငွေကို ပြန်လည်ပေးအပ်ခဲ့ခြင်း၊ တိုင်စာနှင့်ပတ်သက်၍ ငွေကျပ်နှစ်သိန်းပေးရခြင်းကိုမပြောရန် ဆွဲဆောင်စည်းရုံး ခဲ့ခြင်းတို့သည် မြို့နယ်တရားသူကြီးတစ်ဦးအနေဖြင့် ပြုမူရန်မသင့်သည့်ဆောင်ရွက်ချက်များဖြစ်ခြင်း၊ မိမိလက်အောက် ဝန်ထမ်းများအပေါ် ကြီးကြပ်မှုအားနည်းခြင်း၊ လာဘ်ပေးလာဘ်ယူမှုပြုသည်ကို ဖော်ထုတ်အရေးယူရန် ပျက်ကွက်ခြင်းတို့သည် နိုင်ငံ့ဝန်ထမ်းဥပဒေများ အခန်း (၁၅) အပိုဒ် ၁၆၂ (က) ပါ တာဝန်မကျေပွန်ခြင်း သို့မဟုတ် တာဝန်ကိုပေါ့ဆစွာထမ်းဆောင်ခြင်း၊ အပိုဒ် ၁၆၂ (ဂ) ပါ ခန့်အပ်ထားသည့် ရာထူးနှင့်မကိုက်ညီဘဲ လုပ်ရည်ကိုင်ရည်အဆင့်အတန်းမမီခြင်း သို့မဟုတ် အရည်အချင်းညံ့ဖျင်းခြင်း၊ အရည်အသွေးမပြည့်ဝခြင်း၊ အပိုဒ် ၁၆၂ (ဃ) ပါ ဥပဒေနှင့်အညီ ထုတ်ပြန်ထားသည့်အမိန့်ညွှန်ကြားချက်များကို လိုက်နာရန်ပျက်ကွက်ခြင်း၊ လုပ်ငန်းခွင်အတွင်း ပြုမူဆက်ဆံမှုစည်းကမ်းဆိုင်ရာပြစ်မှုများထဲမှ အပိုဒ် ၁၆၃ (ခ) ပါ တာဝန်ထမ်းဆောင်ရာ၌ ရိုးသားဖြောင့်မတ်မှုမရှိခြင်း၊ လိမ်လည်ခြင်း၊ လိမ်လည်ရန်အားထုတ်ခြင်း သို့မဟုတ် လိမ်လည်ရန် အားပေးကူညီခြင်း၊ အပိုဒ် ၁၆၃ (ဒ) ပါ ဝန်ထမ်းအဖွဲ့အစည်း ဝန်ထမ်းအမျိုးအစား အလိုက် စောင့်ထိန်းလိုက်နာရန်သတ်မှတ်ထားသည့် အခြားကျင့်ဝတ်နှင့်စည်းကမ်းများကို ဖောက်ဖျက်ခြင်း၊ တရားသူကြီးတစ်ဦးအနေဖြင့် စောင့်ထိန်းအပ်သောကျင့်ဝတ်သိက္ခာကို စောင့်ထိန်းမှုမရှိဘဲ တရားသူကြီး တာဝန်ကို ရိုးဖြောင့်စွာ ဆောင်ရွက်မှုမရှိခြင်းတို့ကို စိစစ်တွေ့ရှိရသည်။

၃။　သို့ဖြစ်၍ ဦးအောင်နိုင်စိုး (တ/၃၀၆၆) အား တရားရေးဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ပေးအပ်ရန် မသင့်တော့သဖြင့် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့ နံနက်ပိုင်းမှစ၍ ရာထူးမှထုတ်ပယ်သည့် ဝန်ထမ်းဆိုင်ရာ ပြစ်ဒဏ် (Removal) ကို ချမှတ်လိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## အမိန့်အမှတ် (၆၀/၂၀၁၇)

၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၁၀ ရက်
(၂၀၁၇ ခုနှစ်၊ ဧပြီလ ၆ ရက်)

၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃၈/၂၀၁၂) ၏ သဘောတူခွင့်ပြုချက်ဖြင့် ဒက္ခိဏသီရိမြို့နယ်တရားရုံး၏ ဖွဲ့စည်းပုံကို အတည်ပြုပေးခဲ့ပြီးဖြစ်၍ ယင်းဖွဲ့စည်းပုံအရ တရားစီရင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ဒက္ခိဏသီရိမြို့နယ်တရားရုံးကို ဖွင့်လှစ်ခွင့်ပြုလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## အမိန့်ကြော်ငြာစာအမှတ် (၂၁၄/၂၀၁၇)

၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက်
(၂၀၁၇ ခုနှစ်၊ ဧပြီလ ၃ ရက်)

စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်၊ ဦးစီးအရာရှိ ဦးအောင်နိုင်စိုး (တ/၃၀၆၆) သည် ယခင် ကလေးဝမြို့နယ်တရားရုံး၊ မြို့နယ်တရားသူကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ်က ကလေးဝမြို့နေ ကွယ်လွန်သူ ကျောင်းဆရာမ ဒေါ်ခင်ထား၏ပင်စင်ထောက်ပံ့ကြေးငွေမှ ကျပ်သိန်း (၄၀) ကို မြန်မာ့စီးပွားရေး ဘဏ်မှ ထုတ်ယူနိုင်ရန်အတွက် ဒေါ်ခင်ထား၏ညီမဖြစ်သူ ဒေါ်ခင်နု (ခ) ဒေါ်ခင်မြတ်နု နှင့်ဒေါ်တင်တင်နု တို့က ကလေးဝမြို့နယ်တရားရုံး၌ ကျမ်းကျိန်လွှာသွားရောက်ပြုလုပ်ခဲ့ရာတွင် ဘီလစ်စာရေး ဒေါ်ညွန့်ညွန့်ထွေး (ခ) ထွေးထွေးက ဒေါ်ခင်နု (ခ) ဒေါ်ခင်မြတ်နုထံမှ ငွေကျပ် နှစ်သိန်းတောင်းယူသည့်ကိစ္စနှင့်စပ်လျဉ်း၍ မိမိရုံးဝန်ထမ်းအား ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းအရ စုံစမ်းစစ်ဆေးအရေးယူဆောင်ရွက်ခဲ့မှုမရှိသည့်ပြင် ဒေါ်ခင်နုထံကိုယ်တိုင်သွားရောက်၍ ဒေါ်ညွန့်ညွန့်ထွေးယူသည့်ငွေကို ပြန်လည်ပေးအပ်ခဲ့ခြင်း၊ တိုင်စာနှင့် ပတ်သက်၍ ငွေကျပ်နှစ်သိန်းပေးရခြင်းကိုမပြောရန် ဆွဲဆောင်စည်းရုံးခဲ့ခြင်းတို့သည် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများအခန်း (၁၅) ဝန်ထမ်းစည်းကမ်းဆိုင်ရာပြစ်မှုများခေါင်းစဉ်အောက်ရှိ အပိုဒ် ၁၆၂ (က)၊ အပိုဒ် ၁၆၂ (ဂ)၊ အပိုဒ် ၁၆၂ (ဃ) နှင့် လုပ်ငန်းခွင်အတွင်း ပြုမူဆက်ဆံမှုစည်းကမ်းဆိုင်ရာပြစ်မှုများခေါင်းစဉ် အောက်ရှိ အပိုဒ် ၁၆၃ (ခ)၊ အပိုဒ် ၁၆၃ (ဒ) တို့ကို ဖောက်ဖျက်ခြင်း၊ တရားသူကြီးတစ်ဦးအနေဖြင့်

စောင့်ထိန်းအပ်သောကျင့်ဝတ်သိက္ခာကို စောင့်ထိန်းမှုမရှိဘဲ တရားသူကြီးတာဝန်ကို ရိုးဖြောင့်စွာ ဆောင်ရွက်မှုမရှိခြင်းတို့ကြောင့် တရားရေးဝန်ထမ်းအဖြစ် တာဝန်ပေးအပ်ရန်မသင့်သောကြောင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့စွဲပါ အမိန့်အမှတ် (၅၇/၂၀၁၇) အရ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့ နံနက်ပိုင်းမှစ၍ ဦးအောင်နိုင်စိုး (တ/၃၀၆၆) အား တရားရေးဝန်ထမ်းအဖြစ်မှ ထုတ်ပယ် (Remove) လိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## အမိန့်ကြော်ငြာစာအမှတ် (၂၂၂/၂၀၁၇)

၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက်
(၂၀၁၇ ခုနှစ်၊ ဧပြီလ ၄ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ဒုတိယတန်းရာဇဝတ်အာဏာရ ဒုတိယမြို့နယ်တရားသူကြီးများအား ၎င်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြထားသော မြို့နယ်တရားရုံးများတွင် မြို့နယ်တရားသူကြီးတာဝန် ထမ်းဆောင်နေစဉ်ကာလအတွင်း ကျင့်သုံးနိုင်ရန်အလို့ငှာ အကျဉ်းနည်းဖြင့် စစ်ဆေးနိုင်သည့် အာဏာနှင့် အထူးရာဇဝတ်အာဏာ အပ်နှင်းလိုက်သည် -

| **အမှတ်စဉ်** | **အမည်နှင့် ကိုယ်ပိုင်အမှတ်** | **တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး** |
|---|---|---|
| ၁။ | ဦးကြည်ဇင်ဦး<br>တ/၃၃၂၈ | (မြို့နယ်တရားသူကြီးတာဝန်)<br>ထန်တလန်<br>ချင်းပြည်နယ် |
| ၂။ | ဦးလုံးကျင်းထန်း<br>တ/၃၃၀၉ | (မြို့နယ်တရားသူကြီးတာဝန်)<br>တွန်းဇံ<br>ချင်းပြည်နယ် |
| ၃။ | ဦးပိုင်စိုးကျော်<br>တ/၃၃၄၁ | (မြို့နယ်တရားသူကြီးတာဝန်)<br>လဲချား<br>ရှမ်းပြည်နယ် |
| ၄။ | ဦးဖွဲ့နေလအေး<br>တ/၃၃၂၃ | (မြို့နယ်တရားသူကြီးတာဝန်)<br>လင်းခေး<br>ရှမ်းပြည်နယ် |
| ၅။ | ဦးငွေးလှိုင်<br>တ/၃၃၁၂ | (မြို့နယ်တရားသူကြီးတာဝန်)<br>ကွတ်ခိုင်<br>ရှမ်းပြည်နယ် |
| ၆။ | ဒေါ်ရူပါနေဝင်း<br>တ/၃၁၅၄ | (မြို့နယ်တရားသူကြီးတာဝန်)<br>မြို့နယ်တရားရုံး<br>အင်းစိန်(စည်ပင်သာယာ)<br>ရန်ကုန်တိုင်းဒေသကြီး |

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၇။ | ဦးရဲလူထွေး<br>တ/၃၂၉၆ | (မြို့နယ်တရားသူကြီးတာဝန်)<br>မက်မန်း<br>ရှမ်းပြည်နယ် |
| ၈။ | ဦးသူရစိုးဝင်း<br>တ/၃၂၁၈ | (မြို့နယ်တရားသူကြီးတာဝန်)<br>ကုန်းကြမ်း<br>ရှမ်းပြည်နယ် |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၂၃၈/၂၀၁၇)**

၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၁၀ ရက်
(၂၀၁၇ ခုနှစ်၊ ဧပြီလ ၆ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ပထမတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီးနှင့် တွဲဖက်မြို့နယ်တရားသူကြီးများအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာ အပ်နှင်းလိုက်သည် -

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၁။ | ဦးခင်ဇော်<br>တ/၂၅၈၁ | ဥတ္တရသီရိ<br>မန္တလေးတိုင်းဒေသကြီး |
| ၂။ | ဒေါ်နီလာအောင်<br>တ/၂၉၂၂ | မဟာအောင်မြေ<br>မန္တလေးတိုင်းဒေသကြီး |
| ၃။ | ဒေါ်ရွှေဒီဇင်ဘာအောင်<br>တ/၂၉၆၇ | ချမ်းမြသာစည်<br>မန္တလေးတိုင်းဒေသကြီး |
| ၄။ | ဒေါ်သီသီဟန်<br>တ/၂၉၉၀ | ဖျာပုံ<br>ဧရာဝတီတိုင်းဒေသကြီး |
| ၅။ | ဦးထင်လင်းကို<br>တ/၃၀၂၃ | ပွင့်ဖြူ<br>မကွေးတိုင်းဒေသကြီး |
| ၆။ | ဦးအောင်ခိုင်မိုး<br>တ/၃၀၃၁ | လောင်းလုံး<br>တနင်္သာရီတိုင်းဒေသကြီး |
| ၇။ | ဒေါ်ခိုင်ညွှာကြည်အောင်<br>တ/၃၀၄၅ | စဉ့်ကူး<br>မန္တလေးတိုင်းဒေသကြီး |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**အမိန့်အမှတ် (၁/၂၀၁၆)**

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်
(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်)

**ရွေးကောက်ပွဲခုံအဖွဲ့ (၄၅) ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၀ ပြည့်နှစ်၊ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၆၉ (က) အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်သုံးဦးပါဝင်သော ရွေးကောက်ပွဲခုံအဖွဲ့ (၄၅) ကို ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဒေါက်တာစိုင်းစံဝင်း | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် | ဥက္ကဋ္ဌ |
| (ခ) | ဦးမြင့်နိုင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် | အဖွဲ့ဝင် |
| (ဂ) | ဦးစိုင်းနွံတောင်း | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် | အဖွဲ့ဝင် |

၂။ ရွေးကောက်ပွဲခုံအဖွဲ့ (၄၅) သည် အောက်အမည်ပါ လျှောက်ထားသူ၏ ရွေးကောက်ပွဲကန့်ကွက်လွှာကို စုံစမ်းစစ်ဆေးရမည် -

| **လျှောက်ထားသူအမည်** | **လျှောက်ထားခံရသူ၏ အမည်** | **လွှတ်တော်မဲဆန္ဒနယ် အမည်** |
|---|---|---|
| ဒေါ်နန်းထွေးမှုံ | (၁) ဦးညီစိန်<br>(၂) ဦးစိုင်းဆာလူ | အမျိုးသားလွှတ်တော်<br>မဲဆန္ဒနယ်အမှတ် (၅)<br>ရှမ်းပြည်နယ် |

တင်အေး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**အမိန့်အမှတ် (၂/၂၀၁၆)**

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်
(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်)

**ရွေးကောက်ပွဲခုံအဖွဲ့ (၄၆) ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၀ ပြည့်နှစ်၊ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၈၃(က)အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်သုံးဦးပါဝင်သော ရွေးကောက်ပွဲခုံအဖွဲ့ (၄၆) ကို ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးအင်ဖော်နော် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် | ဥက္ကဋ္ဌ |
| (ခ) | ဦးအောင်မြင့် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် | အဖွဲ့ဝင် |
| (ဂ) | ဒေါက်တာ မောင်မောင်ကြည် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် | အဖွဲ့ဝင် |

၂။ ရွေးကောက်ပွဲခုံအဖွဲ့ (၄၆) သည် အောက်ဖော်ပြပါ ရွေးကောက်ပွဲကုန်ကျစရိတ်တင်သွင်းရန် ပျက်ကွက်သူလွှတ်တော်ကိုယ်စားလှယ်လောင်း (၂၅) ဦးနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ် (၄) ဦး တို့၏ ဥပဒေအရ ပျက်ကွက်မှုများကို သီးခြားတစ်မှုစီစုံစမ်းစစ်ဆေး၍ ကော်မရှင်သို့ အစီရင်ခံရမည် -

| **စဉ်** | **လွှတ်တော် ကိုယ်စားလှယ်လောင်း** | **ရွေးကောက်ပွဲ ကိုယ်စားလှယ်** | **လွှတ်တော် မဲဆန္ဒနယ်** |
|---|---|---|---|
| (က) | ဦးမလေဖုန် | ကိုယ်တိုင် | ပြည်သူ့လွှတ်တော် ခေါင်လန်ဖူးမြို့နယ် မဲဆန္ဒနယ် |
| (ခ) | ဦးဘရန်ဆိုင်း | ကိုယ်တိုင် | ပြည်သူ့လွှတ်တော် ဆွမ်ပရာဘွမ်မြို့နယ် မဲဆန္ဒနယ် |
| (ဂ) | ဦးအားဖီဆဲ | ကိုယ်တိုင် | ကချင်ပြည်နယ် ပူတာအိုမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) |
| (ဃ) | ဦးလေမေဖူ | ကိုယ်တိုင် | ကချင်ပြည်နယ် ခေါင်လန်ဖူးမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) |
| (င) | ဦးမရှုယွန် | ကိုယ်တိုင် | ပြည်သူ့လွှတ်တော် ဗန်းမော်မြို့နယ် မဲဆန္ဒနယ် |
| (စ) | ဦးယောဟန် | ကိုယ်တိုင် | ပြည်သူ့လွှတ်တော် ဗန်းမော်မြို့နယ် မဲဆန္ဒနယ် |
| (ဆ) | ဒေါ်အိအိလွင် | ကိုယ်တိုင် | ပြည်သူ့လွှတ်တော် ဗန်းမော်မြို့နယ် မဲဆန္ဒနယ် |
| (ဇ) | ဦးသန်းညွန့် | ကိုယ်တိုင် | ပြည်သူ့လွှတ်တော် မိုးမောက်မြို့နယ် မဲဆန္ဒနယ် |
| (ဈ) | ဦးကျော်ကျော် | ကိုယ်တိုင် | ပြည်သူ့လွှတ်တော် ရွှေကူမြို့နယ် မဲဆန္ဒနယ် |
| (ည) | ဦးဇော်လွင် | ကိုယ်တိုင် | ပြည်သူ့လွှတ်တော် ရွှေကူမြို့နယ် မဲဆန္ဒနယ် |
| (ဋ) | ဦးစိုင်းအုန်းလှိုင် | ကိုယ်တိုင် | ကချင်ပြည်နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ် (၁၁) |
| (ဌ) | ဦးပေါလု | ကိုယ်တိုင် | ကချင်ပြည်နယ် ဗန်းမော်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁) |

| စဉ် | လွှတ်တော် ကိုယ်စားလှယ်လောင်း | ရွေးကောက်ပွဲ ကိုယ်စားလှယ် | လွှတ်တော် မဲဆန္ဒနယ် |
|---|---|---|---|
| (ဍ) | ဦးလဇိန်အောင် | ကိုယ်တိုင် | ကချင်ပြည်နယ် ဗန်းမော်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂) |
| (ဎ) | ဒေါ်ဆိုင်းခေါန် | ကိုယ်တိုင် | ကချင်ပြည်နယ် မံစီမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) |
| (ဏ) | ဒေါ်နန်ဆိန် | ကိုယ်တိုင် | ကချင်ပြည်နယ် မံစီမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) |
| (တ) | ဦးသန့်ဇင်ဌေး(ခ)ဖိုးသား | ဦးမလန်ယန်ရှောင် | ကချင်ပြည်နယ် မံစီမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) |
| (ထ) | ဦးဇော်ဒဲဒူ | ကိုယ်တိုင် | ကချင်ပြည်နယ် မံစီမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) |
| (ဒ) | ဦးအိပ်(ချ)ဂျိုဝိုင် | ဦးရိန်ဝမ် | ကချင်ပြည်နယ် မံစီမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) |
| (ဓ) | ဦးဝင်းမြင့် | ကိုယ်တိုင် | ကချင်ပြည်နယ် မိုးမောက်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂) |
| (န) | ဦးအက်စ်ကမ်ဖန် | ကိုယ်တိုင် | ကချင်ပြည်နယ် မိုးမောက်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂) |
| (ပ) | ဦးအောင်မျိုးနိုင် | ကိုယ်တိုင် | ကချင်ပြည်နယ် ရွှေကူမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) |
| (ဖ) | ဦးမင်းနိုင် | ဒေါ်ဘောမ်ဆွမ့် | ပြည်သူ့လွှတ်တော် ချီဖွေမြို့နယ် မဲဆန္ဒနယ် |
| (ဗ) | ဦးအက်စ်လန်းဘောမ် | ကိုယ်တိုင် | ပြည်သူ့လွှတ်တော် ချီဖွေမြို့နယ် မဲဆန္ဒနယ် |
| (ဘ) | ဦးအားဖူ | ဦးဂါးဖါ | ကချင်ပြည်နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၄) |

| စဉ် | လွှတ်တော် ကိုယ်စားလှယ်လောင်း | ရွေးကောက်ပွဲ ကိုယ်စားလှယ် | လွှတ်တော် မဲဆန္ဒနယ် |
|---|---|---|---|
| (မ) | ဦးဆောင်ယိန်း | ကိုယ်တိုင် | ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) |

တင်အေး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အမိန့်အမှတ် (၃/၂၀၁၆)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်
(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်)

## ရွေးကောက်ပွဲခုံအဖွဲ့ (၄၇) ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၀ ပြည့်နှစ်၊ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၈၃(က)အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်သုံးဦးပါဝင်သော ရွေးကောက်ပွဲခုံအဖွဲ့ (၄၇) ကို ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးစိုင်းခမ်းဝင်း | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် | ဥက္ကဋ္ဌ |
| (ခ) | ဦးညွန့်တင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် | အဖွဲ့ဝင် |
| (ဂ) | ဦးစောဘလှိုင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် | အဖွဲ့ဝင် |

၂။ ရွေးကောက်ပွဲခုံအဖွဲ့ (၄၇) သည် အောက်ဖော်ပြပါ ရွေးကောက်ပွဲကုန်ကျစရိတ်တင်သွင်းရန် ပျက်ကွက်သူလွှတ်တော်ကိုယ်စားလှယ်လောင်း (၂၃) ဦးနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ် (၂) ဦး တို့၏ ဥပဒေအရ ပျက်ကွက်မှုများကို သီးခြားတစ်မှုစီစုံစမ်းစစ်ဆေး၍ ကော်မရှင်သို့ အစီရင်ခံရမည် -

| စဉ် | လွှတ်တော် ကိုယ်စားလှယ်လောင်း | ရွေးကောက်ပွဲ ကိုယ်စားလှယ် | လွှတ်တော် မဲဆန္ဒနယ် |
|---|---|---|---|
| (က) | ဦးချစ်မောင်(ခ)စိုင်းလုံ | ကိုယ်တိုင် | ပြည်သူ့လွှတ်တော် ဒီးမော့ဆိုမြို့နယ် မဲဆန္ဒနယ် |
| (ခ) | ဦးစိုင်းမြူရယ်နီ | ကိုယ်တိုင် | ပြည်သူ့လွှတ်တော် ဒီးမော့ဆိုမြို့နယ် မဲဆန္ဒနယ် |
| (ဂ) | ဦးကျားရယ် | ကိုယ်တိုင် | ပြည်သူ့လွှတ်တော် ဖရူဆိုမြို့နယ် မဲဆန္ဒနယ် |
| (ဃ) | ဦးစိုင်းနော်မှိုင်း | ဦးမောင်ဖြူ | ကယားပြည်နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ် (၁) |

| **စဉ်** | **လွှတ်တော် ကိုယ်စားလှယ်လောင်း** | **ရွေးကောက်ပွဲ ကိုယ်စားလှယ်** | **လွှတ်တော် မဲဆန္ဒနယ်** |
|---|---|---|---|
| (င) | ဒေါ်ပိုးမြာ | ကိုယ်တိုင် | ကယားပြည်နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ် (၇) |
| (စ) | ဒေါ်ဆိုဖာနီးယာ | ကိုယ်တိုင် | ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) |
| (ဆ) | ဦးဟျူးဘတ်ဘယ်ရီ | ကိုယ်တိုင် | ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) |
| (ဇ) | ဦးစိုင်းအုန်းမြင့် | ကိုယ်တိုင် | ကယားပြည်နယ် ရှားတောမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) |
| (ဈ) | ဦးထိန်လင်းဦး | ကိုယ်တိုင် | ကယားပြည်နယ် ရှားတောမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) |
| (ည) | ဦးရွှေလှ | ကိုယ်တိုင် | ကယားပြည်နယ် ရှားတောမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) |
| (ဋ) | ဦးကျော်သူအောင် | ကိုယ်တိုင် | ပြည်သူ့လွှတ်တော် ဘောလခဲမြို့နယ် မဲဆန္ဒနယ် |
| (ဌ) | ဦးကိုကိုကျော် | ကိုယ်တိုင် | ပြည်သူ့လွှတ်တော် မယ်စဲမြို့နယ် မဲဆန္ဒနယ် |
| (ဍ) | ဦးစောလုံ | ကိုယ်တိုင် | ပြည်သူ့လွှတ်တော် မယ်စဲမြို့နယ် မဲဆန္ဒနယ် |
| (ဎ) | ဦးကျော်စိုး | ကိုယ်တိုင် | ကယားပြည်နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ် (၈) |
| (ဏ) | ဒေါ်တင်ကြည်စိုး | ကိုယ်တိုင် | ကယားပြည်နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ် (၈) |
| (တ) | ဦးစောကီးအိုး | ကိုယ်တိုင် | ကယားပြည်နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ် (၁၁) |
| (ထ) | ဦးစောရွှေလေး (စောမုသာဘာ) | ဦးစောလူပါ | ကယားပြည်နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ် (၁၁) |

| စဉ် | လွှတ်တော် ကိုယ်စားလှယ်လောင်း | ရွေးကောက်ပွဲ ကိုယ်စားလှယ် | လွှတ်တော် မဲဆန္ဒနယ် |
|---|---|---|---|
| (ဒ) | ဦးကျော်စည်သူ | ကိုယ်တိုင် | ကယားပြည်နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ် (၁၂) |
| (ဓ) | ဦးစံသိန်း | ကိုယ်တိုင် | ကယားပြည်နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ် (၁၂) |
| (န) | ဒေါ်နန်းစီစီအေး | ကိုယ်တိုင် | ကယားပြည်နယ် ဘောလခဲမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) |
| (ပ) | ဦးအောင်နိုင်ဝင်း | ကိုယ်တိုင် | ကယားပြည်နယ် ဖားဆောင်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) |
| (ဖ) | ဦးထွန်းထွန်း | ကိုယ်တိုင် | ကယားပြည်နယ် မယ်စဲမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) |
| (ဗ) | ဦးငွေဇော် | ကိုယ်တိုင် | ကယားပြည်နယ် မယ်စဲမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) |

တင်အေး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**အမိန့်အမှတ် (၄/၂၀၁၆)**

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်
(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်)

### ရွေးကောက်ပွဲခုံအဖွဲ့ (၄၈) ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၀ ပြည့်နှစ်၊ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၈၃(က)အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်သုံးဦးပါဝင်သော ရွေးကောက်ပွဲခုံအဖွဲ့ (၄၈)ကို ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးဟာကီး | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် | ဥက္ကဋ္ဌ |
| (ခ) | ဦးဝင်းကြည် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် | အဖွဲ့ဝင် |
| (ဂ) | ဦးစိုင်းထွန်းသိန်း | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် | အဖွဲ့ဝင် |

၂။ ရွေးကောက်ပွဲခုံအဖွဲ့ (၄၈) သည် အောက်ဖော်ပြပါ ရွေးကောက်ပွဲကုန်ကျစရိတ်တင်သွင်းရန် ပျက်ကွက်သူလွှတ်တော်ကိုယ်စားလှယ်လောင်း (၁) ဦး၏ ဥပဒေအရ ပျက်ကွက်မှုများကို စုံစမ်းစစ်ဆေး၍ ကော်မရှင်သို့ အစီရင်ခံရမည် -

| **စဉ်** | **လွှတ်တော် ကိုယ်စားလှယ်လောင်း** | **ရွေးကောက်ပွဲ ကိုယ်စားလှယ်** | **လွှတ်တော် မဲဆန္ဒနယ်** |
|---|---|---|---|
| (က) | ဦးအောင်ဝင်း | ကိုယ်တိုင် | ချင်းပြည်နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ် (၁၁) |

တင်အေး

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### အမိန့်အမှတ် (၅/၂၀၁၆)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်

(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်)

### ရွေးကောက်ပွဲခုံအဖွဲ့ (၄၉) ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၀ ပြည့်နှစ်၊ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၈၃(က)အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်သုံးဦးပါဝင်သော ရွေးကောက်ပွဲခုံအဖွဲ့ (၄၉)ကို ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးဝင်းကြည် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် | ဥက္ကဋ္ဌ |
| (ခ) | ဦးစိုင်းထွန်းသိန်း | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် | အဖွဲ့ဝင် |
| (ဂ) | ဦးဟာကီး | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် | အဖွဲ့ဝင် |

၂။ ရွေးကောက်ပွဲခုံအဖွဲ့ (၄၉) သည် အောက်ဖော်ပြပါ ရွေးကောက်ပွဲကုန်ကျစရိတ်တင်သွင်းရန် ပျက်ကွက်သူလွှတ်တော်ကိုယ်စားလှယ်လောင်း (၁) ဦးနှင့် ယင်း၏ရွေးကောက်ပွဲကိုယ်စားလှယ် (၁) ဦးတို့၏ ဥပဒေအရ ပျက်ကွက်မှုများကို သီးခြားတစ်မှုစီစုံစမ်းစစ်ဆေး၍ ကော်မရှင်သို့ အစီရင်ခံရမည် -

| **စဉ်** | **လွှတ်တော် ကိုယ်စားလှယ်လောင်း** | **ရွေးကောက်ပွဲ ကိုယ်စားလှယ်** | **လွှတ်တော် မဲဆန္ဒနယ်** |
|---|---|---|---|
| (က) | ဦးကျော်သန်း | ဦးသောင်းဟန် | စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂) |

တင်အေး

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အမိန့်အမှတ် (၆/၂၀၁၆)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်

(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်)

## ရွေးကောက်ပွဲခုံအဖွဲ့ (၅၀) ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၀ ပြည့်နှစ်၊ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၈၃ (က) အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်သုံးဦးပါဝင်သော ရွေးကောက်ပွဲခုံအဖွဲ့ (၅၀) ကို ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးညွန့်တင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် | ဥက္ကဋ္ဌ |
| (ခ) | ဦးစောဘလှိုင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် | အဖွဲ့ဝင် |
| (ဂ) | ဦးစိုင်းခမ်းဝင်း | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် | အဖွဲ့ဝင် |

၂။ ရွေးကောက်ပွဲခုံအဖွဲ့ (၅၀) သည် အောက်ဖော်ပြပါ ရွေးကောက်ပွဲကုန်ကျစရိတ်တင်သွင်းရန် ပျက်ကွက်သူလွှတ်တော်ကိုယ်စားလှယ်လောင်း (၇) ဦးနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ် (၇) ဦး တို့၏ ဥပဒေအရ ပျက်ကွက်မှုများကို သီးခြားတစ်မှုစီစုံစမ်းစစ်ဆေး၍ ကော်မရှင်သို့ အစီရင်ခံရမည် -

| စဉ် | လွှတ်တော် ကိုယ်စားလှယ်လောင်း | ရွေးကောက်ပွဲ ကိုယ်စားလှယ် | လွှတ်တော် မဲဆန္ဒနယ် |
|---|---|---|---|
| (က) | ဦးရန်နိုင်ဖြိုး | ကိုယ်တိုင် | တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂) |
| (ခ) | ဦးမင်းသက်နိုင် | ကိုယ်တိုင် | တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) |
| (ဂ) | ဦးမောင်ကြိုင်(ခ)နိုင်ဝင်းမွန် | ကိုယ်တိုင် | တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) |
| (ဃ) | ဦးအောင်ကျော်ဇော | ဦးသီးဆွေ | တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) |
| (င) | ဦးကျော်သိန်း | ဒေါ်အိသဉ္ဇာအောင် | ပြည်သူ့လွှတ်တော် လောင်းလုံးမြို့နယ် မဲဆန္ဒနယ် |
| (စ) | စောကဲဒို | စောအေးရှော | တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁) |

| စဉ် | လွှတ်တော် ကိုယ်စားလှယ်လောင်း | ရွေးကောက်ပွဲ ကိုယ်စားလှယ် | လွှတ်တော် မဲဆန္ဒနယ် |
|---|---|---|---|
| (ဆ) | ဦးသူရအောင် | ကိုယ်တိုင် | တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) |

တင်အေး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**အမိန့်အမှတ် (၇/၂၀၁၆)**

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်
(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်)

**ရွေးကောက်ပွဲခုံအဖွဲ့ (၅၁) ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၀ ပြည့်နှစ်၊ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၈၃(က)အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်သုံးဦးပါဝင်သော ရွေးကောက်ပွဲခုံအဖွဲ့ (၅၁)ကို ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဒေါက်တာဒေါ်မြင့်ကြည် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် | ဥက္ကဋ္ဌ |
| (ခ) | ဦးညွန့်တင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် | အဖွဲ့ဝင် |
| (ဂ) | ဦးဝင်းကို | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် | အဖွဲ့ဝင် |

၂။ ရွေးကောက်ပွဲခုံအဖွဲ့ (၅၁) သည် အောက်ဖော်ပြပါ ရွေးကောက်ပွဲကုန်ကျစရိတ်တင်သွင်းရန် ပျက်ကွက်သူလွှတ်တော်ကိုယ်စားလှယ်လောင်း (၆) ဦးတို့၏ ဥပဒေအရ ပျက်ကွက်မှုများကို သီးခြားတစ်မှုစီ စုံစမ်းစစ်ဆေး၍ ကော်မရှင်သို့ အစီရင်ခံရမည်-

| စဉ် | လွှတ်တော် ကိုယ်စားလှယ်လောင်း | ရွေးကောက်ပွဲ ကိုယ်စားလှယ် | လွှတ်တော် မဲဆန္ဒနယ် |
|---|---|---|---|
| (က) | ဦးအောင်စိုး | ကိုယ်တိုင် | ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ် (၅) |
| (ခ) | ဦးအောင်သန်း | ကိုယ်တိုင် | ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) |
| (ဂ) | ဦးကျော်စိုးဦး | ကိုယ်တိုင် | ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) |
| (ဃ) | ဦးခိုင်မျိုးကျော် | ကိုယ်တိုင် | ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁) |

| စဉ် | လွှတ်တော်ကိုယ်စားလှယ်လောင်း | ရွေးကောက်ပွဲကိုယ်စားလှယ် | လွှတ်တော်မဲဆန္ဒနယ် |
|---|---|---|---|
| (င) | ဦးအောင်ထွေး | ကိုယ်တိုင် | ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) |
| (စ) | ဦးစန်းလွင် | ကိုယ်တိုင် | ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) |

တင်အေး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် ၁၅/၂၀၁၇

၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်
(၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၀ ရက်)

### ကန့်သတ်သည့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများသတ်မှတ်ခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၄၂ နှင့် ပုဒ်မ ၁၀၀ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ကန့်သတ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစားများစာရင်းအား ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အောက်ပါအတိုင်း ထုတ်ပြန်လိုက်သည် -

**(က) နိုင်ငံတော်ကသာဆောင်ရွက်ခွင့်ရှိသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ**

| စဉ် | ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစားများ | Industrial Codes |
|---|---|---|
| ၁ | အစိုးရအဖွဲ့က အခါအားလျော်စွာ အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့် လုံခြုံရေးနှင့်ကာကွယ်ရေးဆိုင်ရာပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်း | ISIC 2520 |
| ၂ | ကာကွယ်ရေးဆိုင်ရာ လက်နက်ခဲယမ်းမီးကျောက်များ၊ ပစ္စည်းများ ထုတ်လုပ်ခြင်းနှင့် ယင်းနှင့်ပတ်သက်သည့် ဝန်ဆောင်မှုလုပ်ငန်းများ | ISIC 2520, CPC 447 |
| ၃ | နိုင်ငံတော် စာပို့တံဆိပ်ခေါင်း ထုတ်ဝေခြင်းလုပ်ငန်းနှင့် နိုင်ငံကိုယ်စားပြု စာတိုက်အော်ပရေတာကသာ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့် စာတိုက်ပုံးများ တည်ထောင်ထားရှိခြင်းနှင့် စာတိုက်သေတ္တာ တည်ထောင်ငှားရမ်းခြင်းလုပ်ငန်းများ | ISIC 1811, 1812<br>CPC 326 |
| ၄ | လေကြောင်းထိန်းသိမ်းကွပ်ကဲလမ်းညွှန်လုပ်ငန်း | နောက်ဆက်တွဲ(က)တွင် ကြည့်ရန် |
| ၅ | ရေကြောင်းပြလုပ်ငန်း | CPC 6752 |

| စဉ် | ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစားများ | Industrial Codes |
|---|---|---|
| ၆ | ကာဗွန်ထုတ်လုပ်မှု လျှော့ချခြင်းနှင့် ဆက်စပ်နေသည့် စီးပွားရေး လုပ်ငန်းများမှအပ သဘာဝသစ်တောနှင့် သစ်တောနယ်မြေများကို စီမံခန့်ခွဲ ထိန်းသိမ်းမှုလုပ်ငန်း | CPC 7221/72212 |
| ၇ | ယူရေနီယမ်၊ သိုရီယမ် စသည့် ရေဒီယိုသတ္တိကြွသတ္တုများအား ရှာဖွေ စမ်းသပ်ဖြစ်မြောက်နိုင်စွမ်း လေ့လာခြင်းနှင့် ထုတ်လုပ်မှုလုပ်ငန်း | ISIC 0721/07210 |
| ၈ | လျှပ်စစ်ဓာတ်အားစနစ်ကွပ်ကဲခြင်း | CPC 8631 |
| ၉ | လျှပ်စစ်ဆိုင်ရာလုပ်ငန်းစစ်ဆေးခြင်း | CPC 8631 |

**(ခ) နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူက ဆောင်ရွက်ခွင့်မရှိသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ**

| စဉ် | ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစားများ | Industrial Codes |
|---|---|---|
| ၁ | မြန်မာအပါအဝင် တိုင်းရင်းသားဘာသာဖြင့် ထုတ်ဝေသော အချိန်မှန်ထုတ် စာနယ်ဇင်း ပုံနှိပ်ဖြန့်ချိခြင်းဆိုင်ရာလုပ်ငန်းများ | ISIC 5813, CPC 3241, 8911, 8912 |
| ၂ | ရေချိုငါးဖမ်းလုပ်ငန်း၊ ၎င်းလုပ်ငန်းနှင့်ဆက်နွယ်သည့်ဝန်ဆောင်မှုလုပ်ငန်းများ | ISIC 0312, CPC 0421, 8615 |
| ၃ | ပြည်ပသို့တင်ပို့ခြင်းနှင့် ပြည်တွင်းသို့တင်သွင်းရန်အလို့ငှာ တိရစ္ဆာန် ထိန်းသိမ်းစစ်ဆေးရေးစခန်း တည်ထောင်ခြင်းလုပ်ငန်း (တိရစ္ဆာန် စစ်ဆေးခြင်းနှင့် ခွင့်ပြုချက်လက်မှတ်ထုတ်ပေးခြင်းကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဆောင်ရွက်ရမည်) | CPC 8352, 8359, 8612 |
| ၄ | အိမ်မွေးတိရစ္ဆာန်ထိန်းသိမ်းရေးဝန်ဆောင်မှုလုပ်ငန်း | CPC 8351, 86129 |
| ၅ | သစ်တောနယ်မြေနှင့် သစ်တောဖုံးလွှမ်းလျက်ရှိသည့် အစိုးရက စီမံခန့်ခွဲခွင့်ရှိသော မြေအတွင်းရှိ သဘာဝသစ်တောများမှ သစ်တော ထွက်ပစ္စည်း ထုတ်လုပ်ခြင်းလုပ်ငန်း | ISIC 0220, 0230 |
| ၆ | သတ္တုတွင်းဥပဒေနှင့်အညီ ဓာတ်သတ္တုအလတ်စားနှင့် အသေးစား ထုတ်လုပ်ရန်အတွက်ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက် နိုင်စွမ်းလေ့လာခြင်းနှင့် ထုတ်လုပ်ခြင်းလုပ်ငန်းများ | ISIC 0510, 0520, 0710, 0721, 0729, 0990 |
| ၇ | ဓာတ်သတ္တုအလတ်စားနှင့်အသေးစားကျိုချက်ခြင်း၊ သန့်စင်ခြင်း လုပ်ငန်း | ISIC 2410 |
| ၈ | ရေနံတွင်းတိမ်တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း | ISIC 0610 |
| ၉ | ဗီဇာစတစ်ကာများ၊ နိုင်ငံခြားသား ပြည်တွင်းနေထိုင်ခွင့်လက်မှတ်များ ပုံနှိပ်ထုတ်ဝေခြင်းဆိုင်ရာလုပ်ငန်း | ISIC 5819, CPC 89122, 91210 |
| ၁၀ | ကျောက်စိမ်း/ကျောက်မျက်ရတနာ ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာ ခြင်းနှင့် ထုတ်လုပ်ခြင်းလုပ်ငန်း | ISIC 0990, 3211 |
| ၁၁ | ဧည့်လမ်းညွှန်လုပ်ငန်း | CPC 8555 |
| ၁၂ | မီနီမားကတ်၊ Convenience Store (ကြမ်းခင်းဧရိယာ (၁၀၀×၁၀၀) ၁၀၀၀၀ စတုရန်းပေ သို့မဟုတ် ၉၂၉ စတုရန်းမီတာအောက်ရှိရမည်။) | CPC 62 |

**(ဂ) ပြည်တွင်းရှိ နိုင်ငံသားလူပုဂ္ဂိုလ်တစ်ဦးဦး (သို့မဟုတ်) နိုင်ငံသားပိုင်လုပ်ငန်းတစ်ခုခုနှင့် ပူးပေါင်း၍ ဖက်စပ်ရင်းနှီးမြှုပ်နှံမှုဖြင့်သာ ဆောင်ရွက်ခွင့်ပြုသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ**

| **စဉ်** | **စီးပွားရေးလုပ်ငန်းအမျိုးအစားများ** | **ကန့်သတ်ချက်** | **Industrial Codes** |
|---|---|---|---|
| (၁) | (၂) | (၃) | (၄) |
| ၁ | ငါးချဆိပ်ကမ်း၊ ငါးလေလံဈေး တည်ဆောက်ရေးလုပ်ငန်း | ငါးလုပ်ငန်းဦးစီးဌာန၏ ဥပဒေ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြား ချက်၊ စည်းမျဉ်းစည်းကမ်းနှင့် အညီ ဆောင်ရွက်ရမည်။ | ISIC 5210 |
| ၂ | ရေလုပ်ငန်းဆိုင်ရာသုတေသနလုပ်ငန်း | ငါးလုပ်ငန်းဦးစီးဌာန၏ ဥပဒေ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြား ချက်၊ စည်းမျဉ်းစည်းကမ်းနှင့် အညီ ဆောင်ရွက်ရမည်။ | CPC 8114 |
| ၃ | တိရစ္ဆာန်ဆေးကုခန်းလုပ်ငန်း | မွေးမြူရေးနှင့်ကုသရေးဦးစီး ဌာနမှ ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့် ကြော်ငြာစာ၊ အမိန့်ညွှန်ကြား ချက်၊ လုပ်ထုံးလုပ်နည်းများ နှင့်အညီ ဆောင်ရွက်ရမည်။ | CPC 8351, 8352 8559 |
| ၄ | ကောက်ပဲသီးနှံများအား ဖော်ထုတ်ပြီး စိုက်ပျိုးမြေတွင် စိုက်ပျိုးထုတ်လုပ်ပြီး ပြည်တွင်းဈေးကွက်၌ ဖြန့်ဖြူးခြင်း၊ ပြည်ပသို့တင်ပို့ခြင်းလုပ်ငန်း | - | ISIC 011, 0111, 0112, 4631, 46312, 4759, 47593 |
| ၅ | ပလတ်စတစ်ပစ္စည်းအမျိုးမျိုးထုတ်လုပ်ခြင်းနှင့် ပြည်တွင်းဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်း | - | ISIC 1511, 1512, 1520, 46312, 4759, 47593 |
| ၆ | ပြည်တွင်းသဘာဝသယံဇာတများအပေါ် မူတည်၍ ထုတ်လုပ်သော ဓာတုပစ္စည်း များထုတ်လုပ်ခြင်းနှင့်ပြည်တွင်းဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်း | - | ISIC 2011, 202, 46312, 4759, 47593 |
| ၇ | မီးလောင်လွယ်သော အခဲ၊ အရည်၊ အငွေ့၊ အေရိုဆော် (Acetylene, Gasoline, Propane, Hair Sprays, Perfume, Deodorant, Insect Spray) ထုတ်လုပ်ခြင်း နှင့် ပြည်တွင်းဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း | - | ISIC 201, 202, 46312, 4759, 47593 |
| ၈ | ဓာတ်တိုးစေသည့် ဓာတုပစ္စည်းများ (Oxygen, Hydrogen Peroxide)၊ ဖိသိပ်ထားသောဓာတ်ငွေ့ (Acetone, Argon, Hydrogen, Nitrogen, Acetylene) ထုတ်လုပ်ခြင်းနှင့် ပြည်တွင်းဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်း | - | ISIC 201, 202, 46312, 4759, 47593 |

| စဉ် | စီးပွားရေးလုပ်ငန်းအမျိုးအစားများ | ကန့်သတ်ချက် | Industrial Codes |
|---|---|---|---|
| (၁) | (၂) | (၃) | (၄) |
| ၉ | လောင်စားတတ်သည့် ဓာတုပစ္စည်း (Sulphuric Acid, Nitric Acid) ထုတ်လုပ်ခြင်းနှင့် ပြည်တွင်းဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း | - | ISIC 201, 2012, 46312, 4759, 47593 |
| ၁၀ | စက်မှုသုံးဓာတုဓာတ်ငွေ့အမျိုးမျိုး (အငွေ့၊ အရည်၊ အခဲ) ထုတ်လုပ်ခြင်းနှင့် ပြည်တွင်းဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း | - | ISIC 201, 202, 46312, 4759, 47593 |
| ၁၁ | ဘီစကွတ်၊ ဝေဖာ၊ ခေါက်ဆွဲအမျိုးမျိုး၊ ကြာဆံ၊ မြူစွမ် စသည့်သီးနှံထွက်ပစ္စည်းများအား တန်ဖိုးမြှင့်ထုတ်လုပ်ခြင်းနှင့် ပြည်တွင်းဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း | - | ISIC1074, 46312, 4759, 47593 |
| ၁၂ | သကြားလုံး၊ ကိုကိုး၊ ချောကလက်အပါအဝင် မုန့်အချိုအမျိုးမျိုး ထုတ်လုပ်ခြင်းနှင့် ပြည်တွင်းဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း | - | ISIC 1073, 46312, 4759, 47593 |
| ၁၃ | နို့နှင့်နို့ထွက်ပစ္စည်းမှအပ အခြားစားသောက်ကုန်ပစ္စည်းများ ပြုပြင်ထုတ်လုပ်ခြင်း၊ စည်သွတ်ခြင်းနှင့် ပြည်တွင်းဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း | - | ISIC 1075, 46312, 4759, 47593 |
| ၁၄ | မုယောဖောက်လုပ်ခြင်း၊ မုယောဖောက်လုပ်ခြင်းဖြင့် ထုတ်လုပ်မည့် ယမကာပစ္စည်းများထုတ်လုပ်ခြင်းနှင့် ပြည်တွင်းဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း | - | ISIC 1103, 46312, 4759, 47593 |
| ၁၅ | အရက်၊ အရက်ပြန်စသည့် ယမကာနှင့် ယမကာမဟုတ်သောပစ္စည်း ထုတ်လုပ်ခြင်း၊ ရောစပ်ခြင်း၊ သန့်စင်ခြင်း၊ ပုလင်းသွင်းခြင်းစသည့် လုပ်ငန်းများနှင့် ပြည်တွင်းဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ | - | ISIC 1101, 1102, 46312, 4759, 47593 |
| ၁၆ | ရေသန့်ရေခဲအမျိုးမျိုး ထုတ်လုပ်ခြင်းနှင့် ပြည်တွင်းဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း | - | ISIC 1079, 46312, 4759, 47593 |
| ၁၇ | သောက်ရေသန့်လုပ်ငန်းများ | - | ISIC 1105 |
| ၁၈ | ဆပ်ပြာအမျိုးမျိုး ထုတ်လုပ်ခြင်းနှင့် ပြည်တွင်းဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း | - | ISIC 2023/20231, 46312, 4759,47593 |
| ၁၉ | အလှကုန်ပစ္စည်းအမျိုးမျိုးထုတ်လုပ်ခြင်းနှင့် ပြည်တွင်းလက်ကားရောင်းချခြင်းလုပ်ငန်း | - | ISIC 2023/20232, 46312, 4759, 47593 |
| ၂၀ | လူနေအိမ်ခန်း အဆောက်အအုံ၊ စုပေါင်းပိုင် အဆောက်အအုံ တည်ထောင်ရောင်းချခြင်း၊ ငှားရမ်းခြင်းလုပ်ငန်း | - | ISIC 4100/ 41001, 6810 CPC 5411, 7211 |
| ၂၁ | ပြည်တွင်းခရီးစဉ်ဆောင်ရွက်မှုလုပ်ငန်း | - | CPC 8554 |
| ၂၂ | ပြည်ပနိုင်ငံများရှိ ဆေးရုံများသို့ လူနာများပို့ဆောင်ခြင်းလုပ်ငန်း | - | CPC 93121 |

**(ဃ) သက်ဆိုင်ရာဝန်ကြီးဌာနများ၏ အတည်ပြုချက်ဖြင့် ဆောင်ရွက်နိုင်သည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ**

| စဉ် | | စီးပွားရေးလုပ်ငန်းအမျိုးအစားများ | ကန့်သတ်ချက် | Industrial Codes |
|---|---|---|---|---|
| (၁) | | (၂) | (၃) | (၄) |
| ၁ | | **ပြည်ထဲရေးဝန်ကြီးဌာန၏ အတည်ပြုချက်ရယူဆောင်ရွက်ရမည့် လုပ်ငန်းများ** | | |
| | ၁ | မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဓာတုဗေဒပစ္စည်းများအသုံးပြုထုတ်လုပ်သောဆေးဝါးများ ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း | - | ISIC 2100 |
| ၂ | | **ပြန်ကြားရေးဝန်ကြီးဌာန၏ အတည်ပြုချက်ရယူဆောင်ရွက်ရမည့်လုပ်ငန်းများ** | | |
| | ၁ | ပုံနှိပ်မီဒီယာလုပ်ငန်း (Print Media) နှင့်ရေဒီယိုရုပ်သံလွှင့် မီဒီယာလုပ်ငန်း (Broadcasting Media) နှစ်ခုကို ပူးတွဲလုပ်ကိုင်ခြင်းလုပ်ငန်း | - | ISIC 6010, 6020 CPC 8912, 846, 9616 |
| | ၂ | နိုင်ငံခြားဘာသာဖြင့်ထုတ်ဝေသော အချိန်မှန်ထုတ်သတင်းစာများ | - | ISIC 1811, 5813, CPC 3241, 8911, 8912 |
| | ၃ | FM ရေဒီယိုအစီအစဉ်များ ထုတ်လွှင့်ခြင်းလုပ်ငန်း | - | ISIC 6010, CPC 8461, 8462 |
| | ၄ | Direct To Home (DTH) ရုပ်သံထုတ်လွှင့်ခြင်းလုပ်ငန်း | - | ISIC 6020, CPC 846 |
| | ၅ | DVB-T2 ရုပ်သံထုတ်လွှင့်ခြင်းလုပ်ငန်း | - | ISIC 6020, CPC 846 |
| | ၆ | Cable TV လုပ်ငန်း | - | ISIC 6020, CPC 846 |
| ၃ | | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ အတည်ပြုချက်ရယူဆောင်ရွက်ရမည့်လုပ်ငန်းများ** | | |
| | ၁ | ငါးသယံဇာတ၊ ငါးမျိုးစိတ်နှင့်ပတ်သက်သော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ | - | ISIC 03 |
| | ၂ | ပင်လယ်ငါးဖမ်းလုပ်ငန်းများ | - | ISIC 0311 |
| | ၃ | တိရစ္ဆာန်ရောဂါကာကွယ်ဆေးထုတ်လုပ်ရောင်းချမှုလုပ်ငန်း | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။ | ISIC 2100 |

| စဉ် | | စီးပွားရေးလုပ်ငန်းအမျိုးအစားများ | ကန့်သတ်ချက် | Industrial Codes |
|---|---|---|---|---|
| (၁) | | (၂) | (၃) | (၄) |
| | ၄ | တိရစ္ဆာန်သုံးဆေးဝါးထုတ်လုပ်ရောင်းချမှုလုပ်ငန်း | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။ | ISIC 2100 |
| | ၅ | တိရစ္ဆာန်များ စီးပွားဖြစ်မွေးမြူထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။ | ISIC 014/0141, 0142, 0143, 0144, 0145, 0146 |
| | ၆ | မျိုးခြံနှင့်သားပေါက်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း(ကြက်/ဘဲ/ငုံး) | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။ | ISIC 0146 |
| | ၇ | မျိုးရိုးဗီဇဆိုင်ရာ သုတေသနလုပ်ငန်းများဆောင်ရွက်ခြင်း၊ မျိုးထိန်းသိမ်းခြင်းနှင့်မျိုးထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။ | ISIC 014, 0162 (01620), 7500 |
| | ၈ | မျိုးတိရစ္ဆာန်မျိုးများအား ပြည်ပမှ တင်သွင်း၍ မွေးမြူထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း (မျိုးတိရစ္ဆာန်၊ မျိုးရည်ခဲချောင်းနှင့်သန္ဓေသား) | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။ | ISIC 014, 0162 |
| | ၉ | တိရစ္ဆာန်အစာ၊ တိရစ္ဆာန်ထွက်ပစ္စည်းဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ဓာတ်ခွဲခန်းဝန်ဆောင်မှုလုပ်ငန်းများ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။ | CPC 8112 (81121), 8351, 83520 |
| | ၁၀ | တိရစ္ဆာန်ရောဂါဓာတ်ခွဲရှာဖွေစစ်ဆေးခြင်းဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။ | CPC 8351, 83520 |

| စဉ် | | စီးပွားရေးလုပ်ငန်းအမျိုးအစားများ | ကန့်သတ်ချက် | Industrial Codes |
|---|---|---|---|---|
| (၁) | | (၂) | (၃) | (၄) |
| | ၁၁ | တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ သုတေသနနှင့် ရောဂါစူးစမ်းလေ့လာမှုဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။ | CPC 8351, 8352 |
| | ၁၂ | မျိုးစေ့များ ပြည်ပမှတင်သွင်းခြင်း၊ ထုတ်လုပ်ခြင်း၊ ပြည်တွင်းဖြန့်ဖြူးရောင်းချခြင်း၊ ပြည်ပသို့ ပြန်လည်တင်ပို့ခြင်း | - | ISIC 0164, 46312, 4759, 47593 |
| | ၁၃ | အပင်မျိုးသစ်များ တင်သွင်းထုတ်လုပ်ဖြန့်ဖြူးသည့်လုပ်ငန်းများ | - | ISIC 0130, 46312, 4759, 47593 |
| | ၁၄ | စိုက်ပျိုးရေးသုံးပိုးသတ်ဆေး၊ မြေဩဇာ၊ ဟော်မုန်း၊ ပေါင်းသတ်ဆေး စသည်များ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ တင်ပို့ခြင်းလုပ်ငန်းများ | - | ISIC 2021, 2012, 46312, 4759, 47593 |
| | ၁၅ | မျိုးစေ့အဖြစ်ရည်ရွယ်ထုတ်လုပ်သည့် စပ်မျိုးစပါးမျိုးစေ့များ ထုတ်လုပ်တင်ပို့ခြင်းလုပ်ငန်း | - | ISIC 0164 |
| | ၁၆ | စိုက်ပျိုးရေးဆိုင်ရာဓာတ်ခွဲခန်းလုပ်ငန်းများ | - | CPC 0161 |
| | ၁၇ | စိုက်ပျိုးရေးဆိုင်ရာသုတေသနလုပ်ငန်းများနှင့် စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းဆိုင်ရာ သုတေသနလုပ်ငန်းများ | - | CPC 8114 |
| | ၁၈ | ရာသီသီးနှံစိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်း | - | ISIC 01,011 |
| ၄ | | **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ အတည်ပြုချက်ရယူဆောင်ရွက်ရမည့် လုပ်ငန်းများ** | | |
| | ၁ | မော်တော်ယာဉ်မှတ်ပုံတင်ရန်စစ်ဆေးခြင်းလုပ်ငန်း | - | CPC 6799 |
| | ၂ | မော်တော်ယာဉ်မောင်းနှင်ခြင်း သင်တန်းကျောင်းလုပ်ငန်း | - | CPC 6799 |
| | ၃ | ရထားလမ်း/ဘူတာနှင့်ရထားလုပ်ငန်းနှင့်ဆက်စပ်သော အဆောက်အဦ အသစ်တည်ဆောက်ခြင်းလုပ်ငန်း | - | ISIC 421/4210, 410/4100 |
| | ၄ | ရထားပြေးဆွဲခြင်းလုပ်ငန်း | - | CPC 6739 |
| | ၅ | ရထားစက်ခေါင်း/လူစီးတွဲ၊ ကုန်တွဲနှင့်စက်အရန်ပစ္စည်းများ တည်ဆောက်ထုတ်လုပ်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း၊ ရထားလမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း | - | ISIC 3020, 3315 |
| | ၆ | ရထားလုပ်ငန်းအတွက် အသုံးပြုမည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း | - | ISIC 3510, 35101 |

| စဉ် | စီးပွားရေးလုပ်ငန်းအမျိုးအစားများ | ကန့်သတ်ချက် | Industrial Codes |
|---|---|---|---|
| (၁) | (၂) | (၃) | (၄) |
| ၇ | ရထားလုပ်ငန်းဖြင့် ဆက်စပ်ဆောင်ရွက်မည့်ကုန်းတွင်းဆိပ် (Dry Port)လုပ်ငန်း | - | ISIC 4220/42909, CPC 53112 |
| ၈ | စာတိုက်ဝန်ဆောင်မှုလုပ်ငန်းများ | - | CPC 681 |
| ၉ | ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ | - | ISIC 612, 613, 619 |
| ၁၀ | ဂြိုဟ်တုဆက်သွယ်ရေးပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးသည့်လုပ်ငန်း | - | ISIC 2639, 46312, 4759 (47593) |
| ၁၁ | ရေဒါဆက်သွယ်ရေးပစ္စည်းများနှင့် ဆက်စပ်ကိရိယာများ ထုတ်လုပ်ဖြန့်ဖြူးသည့်လုပ်ငန်း | - | ISIC 2639, 46312, 4759 (47593) |
| ၁၂ | ရေဒီယိုဆက်သွယ်ရေးပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးသည့်လုပ်ငန်း | - | ISIC 2639, 46312, 4759, 47593 |
| ၁၃ | မိုဘိုင်းတယ်လီဖုန်း Handset များနှင့် ကြိုးလိုင်းတယ်လီဖုန်းများ ထုတ်လုပ်၍ ပြည်တွင်း၌ ဖြန့်ဖြူးသည့်လုပ်ငန်း | - | ISIC 2632, 46312, 4759, 47593 |
| ၁၄ | မြို့ပြလေကြောင်းပညာရပ်များ သင်ကြားလေ့ကျင့်ပေးသည့်လုပ်ငန်း | - | နောက်ဆက်တွဲ(က) တွင်ကြည့်ရန် |
| ၁၅ | လေယာဉ်ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်း | - | နောက်ဆက်တွဲ(က) တွင်ကြည့်ရန် |
| ၁၆ | လေဆိပ်ဟိုတယ်လုပ်ငန်း | - | နောက်ဆက်တွဲ(က) တွင်ကြည့်ရန် |
| ၁၇ | လေယာဉ်မြေပြင်ဝန်ဆောင်မှုလုပ်ငန်း | - | နောက်ဆက်တွဲ(က) တွင်ကြည့်ရန် |
| ၁၈ | လေကြောင်းပို့ဆောင်မှုရောင်းချခြင်း နှင့်ဈေးကွက်ရှာဖွေခြင်းလုပ်ငန်း | - | နောက်ဆက်တွဲ(က) တွင်ကြည့်ရန် |
| ၁၉ | ကွန်ပျူတာကွန်ရက်သုံးစနစ်ဖြင့် လေယာဉ်လက်မှတ်ရောင်းချခြင်းလုပ်ငန်း | - | နောက်ဆက်တွဲ(က) တွင်ကြည့်ရန် |
| ၂၀ | လေယာဉ်အမှုထမ်းများမပါ လေယာဉ်ငှားရမ်းသည့်လုပ်ငန်း | - | CPC 73116 |
| ၂၁ | လေယာဉ်အမှုထမ်းများအပါအဝင် လေယာဉ်ငှားရမ်းသည့်လုပ်ငန်း | - | CPC 66031 |
| ၂၂ | လေကြောင်းဖြင့် ကုန်စည်တင်ပို့ပေးခြင်း လုပ်ငန်း | - | နောက်ဆက်တွဲ(က) တွင်ကြည့်ရန် |
| ၂၃ | လေယာဉ်အား အသေးစားစစ်ဆေး ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း | - | နောက်ဆက်တွဲ(က) တွင်ကြည့်ရန် |
| ၂၄ | လေယာဉ်ဆိုက်ရောက်/ရပ်နား/ ထွက်ခွာချိန်တွင် လေယာဉ်ရပ်နားရာနေရာ၌ မြေပြင်အထောက်အကူပြု လုပ်ငန်း | - | နောက်ဆက်တွဲ(က) တွင်ကြည့်ရန် |
| ၂၅ | လေကြောင်းခရီးသည်များ ဆိုက်ရောက်/ ထွက်ခွာချိန်တွင် လေဆိပ်၌ ဝန်ဆောင်မှုပေးသည့်လုပ်ငန်း | - | နောက်ဆက်တွဲ(က) တွင်ကြည့်ရန် |

| စဉ် | | စီးပွားရေးလုပ်ငန်းအမျိုးအစားများ | ကန့်သတ်ချက် | Industrial Codes |
|---|---|---|---|---|
| (၁) | | (၂) | (၃) | (၄) |
| | ၂၆ | ခရီးသည်များ၏ ဝန်စည်စလယ်များအား မြေပြင်အထောက်အကူပြုလုပ်ငန်း | - | နောက်ဆက်တွဲ(က) တွင်ကြည့်ရန် |
| | ၂၇ | လေကြောင်းကုန်စည်ကိုင်တွယ်ခြင်း လုပ်ငန်း | - | နောက်ဆက်တွဲ(က) တွင်ကြည့်ရန် |
| | ၂၈ | လေယာဉ်ဆီဖြည့်တင်းပေးခြင်းလုပ်ငန်း | - | နောက်ဆက်တွဲ(က) တွင်ကြည့်ရန် |
| | ၂၉ | လေဆိပ်လုံခြုံရေးဆိုင်ရာဝန်ဆောင်မှု လုပ်ငန်း | - | နောက်ဆက်တွဲ(က) တွင်ကြည့်ရန် |
| | ၃၀ | လေဆိပ်တည်ဆောက်ခြင်း၊ ပြုပြင် ထိန်းသိမ်းခြင်း၊ စီမံခန့်ခွဲခြင်း၊ လုပ်ကိုင်ခြင်း လုပ်ငန်း၊ | - | CPC 53122, 53213, 54122, 54213, 54619 |
| | ၃၁ | ပြည်တွင်းလေကြောင်းပို့ဆောင်ရေး လုပ်ငန်း | - | နောက်ဆက်တွဲ(က) တွင်ကြည့်ရန် |
| | ၃၂ | နိုင်ငံတကာလေကြောင်းပို့ဆောင်ရေး လုပ်ငန်း | - | နောက်ဆက်တွဲ(က) တွင်ကြည့်ရန် |
| | ၃၃ | လေယာဉ်၏ဆက်စပ်ပစ္စည်းများ ငှားရမ်းလုပ်ကိုင်ခြင်းလုပ်ငန်း | - | ISIC 7730, CPC 7312 |
| | ၃၄ | ရေကြောင်းဘက်ဆိုင်ရာလေ့ကျင့်ရေး သင်တန်းကျောင်းများတည်ထောင် ဖွင့်လှစ်ခြင်းလုပ်ငန်း | - | CPC 92919 |
| | ၃၅ | ရေယာဉ်တည်ဆောက်ခြင်း၊ ပြင်ဆင်ခြင်း ဆောင်ရွက်သည့် သင်္ဘောကျင်းလုပ်ငန်း | - | ISIC 3011, CPC 6751 |
| | ၃၆ | ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း ခရီးသည်ပို့ဆောင်ခြင်းဝန်ဆောင်မှုလုပ်ငန်း | - | CPC 6423, 6412 |
| | ၃၇ | ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း ကုန်စည်ပို့ဆောင်ခြင်းဝန်ဆောင်မှုလုပ်ငန်း | - | CPC 6521, 6522 |
| | ၃၈ | ရေကြောင်းသယ်ယူပို့ဆောင်ရေး အထောက်အကူပြုလုပ်ငန်း | - | CPC 652 |
| | ၃၉ | နိုင်ငံတကာခရီးသည်ပို့ဆောင်ခြင်း လုပ်ငန်း(ကမ်းရိုးတန်းမပါ) | - | CPC 6423 |
| | ၄၀ | နိုင်ငံတကာကုန်စည်ပို့ဆောင်ခြင်း လုပ်ငန်း(ကမ်းရိုးတန်းမပါ) | - | CPC 6521 |
| | ၄၁ | ရေယာဉ်အမှုထမ်းမပါ ရေယာဉ် ငှားရမ်းခြင်းဝန်ဆောင်မှုလုပ်ငန်း | - | CPC 73115 |
| | ၄၂ | ရေယာဉ်အမှုထမ်းများအပါအဝင် ရေယာဉ်ငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း | - | CPC 6602 |
| | ၄၃ | ရေယာဉ်တွန်းဆွဲဝန်ဆောင်မှုလုပ်ငန်း | - | CPC 65219, 65229 |
| | ၄၄ | သင်္ဘောဖျက်ဝန်ဆောင်မှုလုပ်ငန်း | - | CPC 94312 |
| | ၄၅ | သင်္ဘောပွဲစားဝန်ဆောင်မှုလုပ်ငန်း | - | CPC 67910/ ISIC 5229 |

| စဉ် | | စီးပွားရေးလုပ်ငန်းအမျိုးအစားများ | ကန့်သတ်ချက် | Industrial Codes |
|---|---|---|---|---|
| (၁) | | (၂) | (၃) | (၄) |
| | ၄၆ | ရေယာဉ်များ စံချိန်စံညွှန်းစစ်ဆေးခြင်းဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း | - | CPC 67990 |
| | ၄၇ | မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် လွန်းလမ်း၊ သင်္ဘောကျင်း၊ ရေစိုသင်္ဘောကျင်း၊ ရေလုံသင်္ဘောကျင်း တည်ဆောက်ခြင်း၊ ဆိပ်ခံတံတားနှင့် ရေဆင်းတံတား ဆောက်လုပ်ခြင်း၊ မြောင်းဖော်၍ သင်္ဘောကမ်းထိုးခြင်းလုပ်ငန်းများ | - | ISIC 4290 |
| | ၄၈ | ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း ကုန်သေတ္တာစခန်းများ၊ ကုန်သိုလှောင်ရုံများ၊ ဆိပ်ကမ်းနှင့်ဆက်စပ်သော အဆောက်အဦများဆောက်လုပ်ခြင်း | - | ISIC 4100 |
| | ၄၉ | မြစ်အတွင်း ဆိပ်ကမ်းတည်ဆောက်ခြင်းလုပ်ငန်း | - | ISIC 4290 |
| | ၅၀ | ရေလမ်းကြောင်းများ ပြုပြင်ထိန်းသိမ်းခြင်းနှင့်ရေလမ်းဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း | - | CPC 54232 |
| | ၅၁ | ဆိပ်ကမ်းမြေတိုးချဲ့ခြင်း | - | ISIC 4290 |
| | ၅၂ | ဆိပ်ကမ်းနှင့်ရေလမ်းဝန်ဆောင်မှုလုပ်ငန်း | - | CPC 5222 |
| | ၅၃ | နစ်မြုပ်ရေယာဉ်တူးဖော်ခြင်းလုပ်ငန်း | - | CPC 6753 |
| | ၅၄ | သင်္ဘောကိုယ်စားလှယ်လုပ်ငန်း၊ | - | CPC 5229 |
| | ၅၅ | ရေနက်ဆိပ်ကမ်းများနှင့် အပြည်ပြည်ဆိုင်ရာဘက်စုံသုံး ဆိပ်ကမ်းများ | - | ISIC 4290 |
| **၅** | | **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ အတည်ပြုချက်ရယူဆောင်ရွက်ရမည့်လုပ်ငန်းများ** | | |
| | ၁ | သစ်တောနယ်မြေနှင့်သစ်တောဖုံးလွှမ်းလျက်ရှိသည့် အစိုးရကစီမံခန့်ခွဲခွင့်ရှိသော မြေတွင် သစ်ခုတ်လှဲထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ခြင်း | - | ISIC 0220 |
| | ၂ | သစ်တောစိုက်ခင်း (ကျွန်း၊ သစ်မာ၊ ဝါး၊ ကြိမ် အစရှိသည့်စိုက်ခင်း) များ တည်ထောင်ခြင်း | - | ISIC 02101, 02102 |
| | ၃ | သစ်တောစိုက်ခင်းများထူထောင်၍ သစ်အခြေခံစက်မှုလုပ်ငန်းများနှင့် ယင်းနှင့်ဆက်စပ်သောလုပ်ငန်းများ | - | ISIC 02101, 02102, 16 |
| | ၄ | သစ်တောနယ်မြေနှင့် သဘာဝနယ်မြေများအတွင်း သဘာဝကို အခြေခံသောခရီးသွားလုပ်ငန်းဆောင်ရွက်ခြင်း | - | ISIC 791, CPC 855 |

| စဉ် | စီးပွားရေးလုပ်ငန်းအမျိုးအစားများ | ကန့်သတ်ချက် | Industrial Codes |
|---|---|---|---|
| (၁) | (၂) | (၃) | (၄) |
| ၅ | မျိုးရိုးဗီဇ ပြုပြင်ပြောင်းလဲသောပစ္စည်းနှင့်ပြုပြင်ပြောင်းလဲထားသော သက်ရှိပစ္စည်းများကို ပြည်ပမှစီးပွားရေးအလို့ငှာ တင်သွင်း၍ ထပ်မံမျိုးပွားခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း | - | ISIC 0164 |
| ၆ | အဖိုးတန်ရှားပါးသော သစ်မျိုးများ မျိုးကောင်းမျိုးသန့် ထုတ်လုပ်ခြင်း၊ ထိန်းသိမ်းခြင်း၊ တစ်သျှူးမွေးမြူ ထုတ်လုပ်ခြင်းအစရှိသည့် သစ်တောကဏ္ဍ အဆင့်မြင့်နည်းပညာ သုတေသန လုပ်ငန်းနှင့် စီးပွားဖြစ်လုပ်ကိုင်ဆောင်ရွက်သည့်လုပ်ငန်းများ | - | ISIC 7210 |
| ၇ | သစ်တောကဏ္ဍအဆင့်မြင့် နည်းပညာ၊ သုတေသန ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ | - | ISIC 024, 7210, CPC 8140 |
| ၈ | တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို စီးပွားရေးအလို့ငှာ ပြည်ပမှ တင်သွင်း၍ မွေးမြူထုတ်လုပ်ပြီး ပြည်တွင်း/ပြည်ပသို့ တင်ပို့ရောင်းချခြင်းလုပ်ငန်းများ | - | ISIC 01, 01499 |
| ၉ | နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် ဓာတ်သတ္တုအကြီးစားထုတ်လုပ်ရန်အတွက် ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်းလုပ်ငန်းနှင့် ထုတ်လုပ်မှုလုပ်ငန်းများ | - | ISIC 0710, 0729, 0899, 0990 |
| ၁၀ | နိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဖြင့် ဓာတ်သတ္တုထုတ်လုပ်ရန်အတွက် ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်း လေ့လာခြင်းလုပ်ငန်းနှင့် အကြီးစား၊ အလတ်စား၊ အသေးစား ထုတ်လုပ်မှုလုပ်ငန်းများ | - | ISIC 0710, 0729, 0899, 0990 |
| ၁၁ | နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ကျောက်မျက်ရတနာ အချောထည်ပြုလုပ်ခြင်းနှင့် လက်ဝတ်ရတနာ ပြုလုပ်ခြင်းလုပ်ငန်း၊ ကျောက်မျက်ရတနာဖြင့် ပြုလုပ်သော ပစ္စည်းရောင်းချခြင်းလုပ်ငန်း | - | ISIC 3211 |
| ၁၂ | နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်း၊ အချောထည်ပြုလုပ်ခြင်းနှင့် လက်ဝတ်ရတနာပြုလုပ်ခြင်းလုပ်ငန်း၊ ကျောက် | - | ISIC 0899, 3211, 3212 |

| စဉ် | | စီးပွားရေးလုပ်ငန်းအမျိုးအစားများ | ကန့်သတ်ချက် | Industrial Codes |
|---|---|---|---|---|
| (၁) | | (၂) | (၃) | (၄) |
| | | မျက်ရတနာအချောထည်နှင့် လက်ဝတ်ရတနာ၊ ကျောက်မျက်ရတနာဖြင့် ပြုလုပ်သောပစ္စည်း ရောင်းချခြင်းလုပ်ငန်း | | |
| | ၁၃ | ပုလဲမွေးမြူထုတ်လုပ်ခြင်းလုပ်ငန်း | - | ISIC 03118, 3211 |
| | ၁၄ | အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများဆိုင်ရာလုပ်ငန်း | - | ISIC 25 |
| | ၁၅ | အကြီးစားစက္ကူပျော့ဖတ်ထုတ်လုပ်ခြင်းလုပ်ငန်း | - | ISIC 1701 |
| ၆ | | **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ အတည်ပြုချက် ရယူဆောင်ရွက်ရမည့်လုပ်ငန်းများ** | | |
| | ၁ | အကြီးစားလျှပ်စစ်ဆိုင်ရာလုပ်ငန်း (လျှပ်စစ်ဥပဒေအရ ၃၀ မဂ္ဂါဝပ်အထက် ထုတ်လုပ်ပေးနိုင်သော လျှပ်စစ်ဆိုင်ရာလုပ်ငန်းများ) | - | ISIC 3510, 35101 |
| | ၂ | ဓာတ်အားစနစ်နှင့်ချိတ်ဆက်မည့် လျှပ်စစ်ဆိုင်ရာလုပ်ငန်းများအားလုံး | - | ISIC 35102 |
| | ၃ | ကမ်းလွန်ပလက်ဖောင်းစင် အမျိုးအစားအမျိုးမျိုးတည်ဆောက်ခြင်း၊ တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်သည့်စက်များ၊ ပစ္စည်းကိရိယာများ၊ အရန်ပစ္စည်းများတင်သွင်းခြင်း၊ ထုတ်လုပ်ခြင်း၊ တည်ဆောက်တပ်ဆင်ခြင်းလုပ်ငန်းများ | - | ISIC 2511 |
| | ၄ | ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ရေနံထွက်ပစ္စည်းများ တင်သွင်း/တင်ပို့ သယ်ယူသိုလှောင်၊ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများနှင့် ယင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် သိုလှောင်ကန်များ၊ ဆီတင်ဆိချ၊ ဆိပ်ခံတံတားများ၊ ပိုက်လိုင်းများ၊ ဆက်စပ် စက်ကိရိယာပစ္စည်းများနှင့် အဆောက်အဦများကို တည်ဆောက်တပ်ဆင်၍ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းလုပ်ငန်းများ | - | ISIC 2512 |
| | ၅ | ရေနံဓာတုဗေဒစက်ရုံအမျိုးအစားအမျိုးမျိုးအသစ် တည်ဆောက်တပ်ဆင်ခြင်း၊ စက်ရုံအဟောင်းများကို ရင်းနှီးမြှုပ်နှံမှုဖြင့် မွမ်းမံပြုပြင် တည်ဆောက်တင်ဆင်ခြင်းနှင့် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းလုပ်ငန်းများ | - | ISIC 41002 |

| စဉ် | | စီးပွားရေးလုပ်ငန်းအမျိုးအစားများ | ကန့်သတ်ချက် | Industrial Codes |
|---|---|---|---|---|
| (၁) | | (၂) | (၃) | (၄) |
| | ၆ | ရေနံနှင့်သဘာဝဓာတ်ငွေ့ကို ဘူမိ၊ ဘူမိရူပ၊ ဘူမိဓာတုနည်းပညာတို့ဖြင့် လေ့လာစမ်းသပ်ရှာဖွေခြင်း၊ အဓိပ္ပာယ်ဖော်ဆောင်ခြင်းနှင့် စပ်လျဉ်းသည့် လုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သည့် စက်များ၊ ပစ္စည်းကိရိယာများ၊ အရန်ပစ္စည်းများ တင်သွင်းခြင်း၊ ထုတ်လုပ်ခြင်း၊ တည်ဆောက်တပ်ဆင်ခြင်းလုပ်ငန်းများ | - | ISIC 0910,0991, 7120 |
| | ၇ | ရေနံနှင့်သဘာဝဓာတ်ငွေ့ တူးဖော်ခြင်း/ထုတ်လုပ်ခြင်း/ဓာတ်ခွဲစမ်းသပ်ခြင်းနှင့် စပ်လျဉ်းသည့် လုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သည့် စက်များ၊ ပစ္စည်းကိရိယာများ၊ အရန်ပစ္စည်းများ တင်သွင်းခြင်း၊ ထုတ်လုပ်ခြင်း၊ တည်ဆောက်တပ်ဆင်ခြင်းလုပ်ငန်း | - | ISIC 0910 |
| | ၈ | ရေနံနှင့်သဘာဝဓာတ်ငွေ့ သွယ်ယူပို့ဆောင်ခြင်း၊ ပိုက်လိုင်းကွန်ရက်စနစ် တည်ဆောက်ခြင်းနှင့်စပ်လျဉ်း၍ လိုအပ်သည့်စက်များ၊ ပစ္စည်းကိရိယာများ၊ အရန်ပစ္စည်းများ တင်သွင်းခြင်း၊ ထုတ်လုပ်ခြင်း၊ တည်ဆောက်တပ်ဆင်ခြင်းလုပ်ငန်းများ | - | ISIC 0910 |
| **၇** | | **စက်မှုဝန်ကြီးဌာန၏ အတည်ပြုချက်ရယူဆောင်ရွက်ရမည့်လုပ်ငန်းများ** | | |
| | ၁ | ကာကွယ်ဆေးများထုတ်လုပ်ခြင်း | - | ISIC 2100 |
| **၈** | | **စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အတည်ပြုချက်ရယူဆောင်ရွက်ရမည့်လုပ်ငန်းများ** | | |
| | ၁ | လက်လီရောင်းချခြင်းလုပ်ငန်း | - | CPC 62 |
| | ၂ | လက်ကားရောင်းချခြင်းလုပ်ငန်း | - | CPC 61 |
| **၉** | | **ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ အတည်ပြုချက်ရယူဆောင်ရွက်ရမည့်လုပ်ငန်းများ** | | |
| | ၁ | ပုဂ္ဂလိကဆေးရုံလုပ်ငန်း၊ | - | ISIC 8620 |
| | ၂ | ပုဂ္ဂလိကအထွေထွေကျန်းမာရေးလုပ်ငန်း၊ | - | ISIC 8620, CPC 93121 |
| | ၃ | ပုဂ္ဂလိကနယ်လှည့်ကျန်းမာရေးလုပ်ငန်း | - | CPC 93121 |
| | ၄ | ပုဂ္ဂလိကသူနာပြုစုရေးဂေဟာ | - | ISIC 8710(87102), CPC 93210, 93221, |
| | ၅ | ပုဂ္ဂလိကတိုင်းရင်းဆေးရုံလုပ်ငန်း | - | ISIC 8620 (86201) |

| စဉ် | | စီးပွားရေးလုပ်ငန်းအမျိုးအစားများ | ကန့်သတ်ချက် | Industrial Codes |
|---|---|---|---|---|
| (၁) | | (၂) | (၃) | (၄) |
| | ၆ | ပုဂ္ဂလိကတိုင်းရင်းဆေးခန်းလုပ်ငန်း | - | ISIC 8620 (86201) |
| | ၇ | ပုဂ္ဂလိကတိုင်းရင်းဆေးဝါးနှင့်ဆေး ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း | - | ISIC 2100 (21001, 21002) |
| | ၈ | တိုင်းရင်းဆေးဝါးထုတ်လုပ်ခြင်းလုပ်ငန်း | - | ISIC 2100 (21001, 21002) |
| | ၉ | တိုင်းရင်းဆေးဝါးကုန်ကြမ်း (ပရဆေးပစ္စည်း)ရောင်းဝယ်ရေး လုပ်ငန်း | - | ISIC 4620 (46202), 4642(46421), 4772 |
| | ၁၀ | တိုင်းရင်းဆေးဖက်ဝင်အပင်များ စိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်း | - | ISIC 0128 |
| | ၁၁ | တိုင်းရင်းဆေးသုတေသနနှင့်ဓာတ်ခွဲ လုပ်ငန်း | တိုင်းရင်းဆေးပညာဦးစီးဌာန၊ သုတေသနနှင့်ဖွံ့ဖြိုးရေးဌာနခွဲ (သို့မဟုတ်)ဆေးသုတေသန ဦးစီးဌာနရှိ ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်ရမည်။ | CPC 81130 |
| | ၁၂ | ရောဂါကာကွယ်ဆေးနှင့်စမ်းသပ် ပစ္စည်းထုတ်လုပ်မှုသုတေသနလုပ်ငန်း | ဆေးသုတေသနဦးစီးဌာန၊ ကာကွယ်ဆေးသုတေသနဌာန နှင့်ပူးပေါင်းဆောင်ရွက်ရမည်။ | ISIC 2100, CPC 81130 |
| ၁၀ | | **ဆောက်လုပ်ရေးဝန်ကြီးဌာန၏ အတည်ပြုချက်ရယူဆောင်ရွက်ရမည့်လုပ်ငန်းများ** | | |
| | ၁ | ဆောက်လုပ်ရေးဝန်ကြီးဌာနက စီမံခန့်ခွဲ သောလမ်းများအားလုံးနှင့်အဆိုပါ လမ်းနှင့် ယှဉ်၍ အသစ်ဖောက်လုပ် မည့်လမ်းများ၊ အဆိုပါလမ်းများတွင် လိုအပ်ချက်အရ အသစ်ထပ်မံဖောက် လုပ်မည့် မြို့ရှောင်လမ်းများ၊ အဆိုပါ လမ်းများအား လာရောက်ချိတ်ဆက် လိုသည့်လမ်းများ တည်ဆောက်ခြင်း | လမ်းနယ်နိမိတ်ကို ဆောက်လုပ် ရေးဝန်ကြီးဌာနမှသာ စီမံခန့်ခွဲ ရမည်။ လမ်းနယ်နိမိတ်အတွင်း ဆောင်ရွက်လိုသည့်ကိစ္စများကို ဆောက်လုပ်ရေးဝန်ကြီးဌာန၏ အတည်ပြုချက်ရယူပြီးမှသာ ဆောင်ရွက်ရမည်။ | ISIC 4210 |
| | ၂ | မိုးပျံအမြန်လမ်းမကြီး၊ ဥမင်လိုဏ်ခေါင်း၊ မြို့ပတ်အတွင်းလမ်း၊ မြို့ပတ်အပြင် လမ်း၊ ကူးပြောင်းလမ်း၊ ကားလမ်း/ ရထားလမ်းအောက်မှဖြတ်သောလမ်း၊ ကားလမ်း/ရထားလမ်းအပေါ်မှ ဖြတ် သောလမ်း၊ မြေအောက်တွင် တစ်စိတ် တစ်ဒေသဖောက်သည့်လမ်းအပိုင်း၊ ရေအောက်ဥမင်လိုဏ်ခေါင်း တည်ဆောက်ခြင်း | - | ISIC 4210, (42103, 42104, 42105, 42101, 42102) |
| | ၃ | ၁၈၀ ပေနှင့်အထက်တံတားများ တည်ဆောက်ခြင်း | - | ISIC 4210 (42102), (42103) |

| စဉ် | | စီးပွားရေးလုပ်ငန်းအမျိုးအစားများ | ကန့်သတ်ချက် | Industrial Codes |
|---|---|---|---|---|
| (၁) | | (၂) | (၃) | (၄) |
| | ၄ | တံတားဆက်စပ်ပစ္စည်း (PC Strand, PC Bar, Anchor, etc.)သံမဏိသံပေါင်၊ ဘေလီသံပေါင်၊ Plate Girder, Steel Truss နှင့် တံတားနှင့်သက်ဆိုင်သော သံကူကွန်ကရစ်၊ ကြိုတင်အားဖြည့် ကွန်ကရစ်အစရှိသည်များထုတ်လုပ်၍ ပြည်တွင်း၌ ဖြန့်ဖြူးခြင်းလုပ်ငန်း | - | ISIC 2395, 24100 |
| | ၅ | ၁၀၀ ဧကနှင့်အထက်ရှိ မြို့ပြနှင့်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်း | - | ISIC 4100, 421, 422, CPC 532, (53290) |
| | ၆ | စက်မှုဇုန်များနှင့် ဆက်စပ်သည့် စုစုပေါင်းကြမ်းခင်းဧရိယာ ၅၀၀၀၀ စတုရန်းမီတာရှိသော လူနေအိမ်ခန်း အဆောက်အအုံများနှင့် ပြည်သူအများ ဝယ်ယူနိုင်စွမ်းရှိသော အိမ်ရာများ ဆောက်လုပ်ရောင်းချခြင်းလုပ်ငန်း | - | ISIC 4100, 6810 |
| | ၇ | နေပြည်တော်၊ ရန်ကုန်နှင့်မန္တလေးမြို့ မှအပ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များတွင် မြေ (၄) ဧကနှင့် အထက် ဆောင်ရွက်မည့် မြို့ပြပြန်လည် ဖွံ့ဖြိုးရေးလုပ်ငန်းများ | - | ISIC 4100, 421, 422, 4290, CPC532,(53290) |
| | ၈ | မြို့သစ်တည်ထောင်ခြင်းလုပ်ငန်း | - | ISIC 410, 421,422, CPC 5411, 8321 |

မှတ်ချက်	(၁)	သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများက ကိုင်တွယ်ကျင့်သုံးသော ဥပဒေတွင် ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍ ကန့်သတ်ချက်များ ပြဋ္ဌာန်းထားပါက ယင်းဥပဒေ အတိုင်းသာ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

(၂)	ဘဏ်လုပ်ငန်း၊ အာမခံလုပ်ငန်းနှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများအတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၏ ခွင့်ပြုနိုင်သည့် အစီအစဉ်များ အတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်။

(၃)	ပို့ကုန်/သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်မည့်ရင်းနှီးမြှုပ်နှံမှုများကို စီးပွားရေး နှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ မူဝါဒအတိုင်းသာ ဆောင်ရွက်ရန်ဖြစ်ပါသည်။

၂။	မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပြန်ခဲ့သော ၂၀၁၆ ခုနှစ်၊ မတ်လ ၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၆/၂၀၁၆) ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ကျော်ဝင်း
ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

နောက်ဆက်တွဲ (က)

**လေကြောင်းထိန်းသိမ်းကွပ်ကဲလမ်းညွှန်လုပ်ငန်း**

၁။ လေကြောင်းထိန်းသိမ်းကွပ်ကဲလမ်းညွှန်လုပ်ငန်းဟုဆိုရာတွင် လေကြောင်းဆိုင်ရာ သတင်းပြန်ကြားရေးလုပ်ငန်း၊ လေကြောင်းဆိုင်ရာ သတိပေးရေးလုပ်ငန်း၊ လေကြောင်းသွားလာမှုဆိုင်ရာ အကြံပေးရေး လုပ်ငန်း၊ လေကြောင်းသွားလာမှုကြီးကြပ်ကွပ်ကဲရေးလုပ်ငန်း (သတ်မှတ်လေကြောင်း ပျံသန်းမှုဇရိယာအတွင်း ကြီးကြပ်ကွပ်ကဲမှု၊ လေယာဉ်ကွင်းဆင်းသက်ရန် ချဉ်းကပ်လမ်းတွင် ကြီးကြပ်ကွပ်ကဲမှု၊ လေယာဉ်ကွင်းဝန်းကျင်ပျံသန်းရာတွင် ကြီးကြပ်ကွပ်ကဲမှု) တို့ ပါဝင်သည်။

**မြို့ပြလေကြောင်းပညာရပ်များ သင်ကြားလေ့ကျင့်ပေးသည့်လုပ်ငန်း**

၂။ မြို့ပြလေကြောင်းပညာရပ်များ သင်ကြားလေ့ကျင့်ပေးသည့်လုပ်ငန်းဆိုသည်မှာ လေကြောင်းကဏ္ဍဆိုင်ရာ လုပ်ငန်းများနှင့် သက်ဆိုင်သည့် သင်တန်းအားလုံး အကျုံးဝင်သည်။

**လေယာဉ်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း**

၃။ လေယဉ်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းသည် လေယာဉ်တစ်စီးကိုဖြစ်စေ၊ ယင်း၏အစိတ်အပိုင်း တစ်ခုကိုဖြစ်စေ ပျံသန်းမှုလုပ်ငန်းမှ နုတ်သိမ်းထားစဉ်ကာလအတွင်း ပြုပြင်မွမ်းမံသည့် ဆောင်ရွက်မှုများကို ဆိုသည်။ ယင်းလုပ်ငန်းတွင် လေယာဉ်အား အသေးစားစစ်ဆေးပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း မပါဝင်ပါ။

**လေဆိပ်ဟိုတယ်လုပ်ငန်း**

၄။ လေဆိပ်ဟိုတယ်လုပ်ငန်းသည် ဧည့်သည်များအတွက် လေဆိပ်တစ်ခု၏ နယ်မြေအတွင်း ဆောင်ရွက်သောအခန်း သို့မဟုတ် နေထိုင်မှုယူနစ်ဆိုင်ရာ လုပ်ငန်းများကို ဆိုသည်။

**လေယာဉ်မြေပြင်ဝန်ဆောင်မှုလုပ်ငန်း**

၅။ လေယာဉ်မြေပြင်ဝန်ဆောင်မှုလုပ်ငန်းတွင် လေယာဉ် ဆိုက်ရောက်/ရပ်နား/ထွက်ခွာချိန်တွင် လေယာဉ်ရပ်နားရာနေရာ၌ မြေပြင်အထောက်အကူပြုလုပ်ငန်း၊ လေကြောင်းခရီးသည်များ ဆိုက်ရောက်/ထွက်ခွာချိန်တွင် လေဆိပ်၌ ဝန်ဆောင်မှုပေးသည့်လုပ်ငန်း၊ ခရီးသည်များ၏ ဝန်စည်စလယ်များအားမြေပြင်အထောက်အကူပြုလုပ်ငန်း၊ လေကြောင်းကုန်စည် ကိုင်တွယ်ခြင်းလုပ်ငန်းတို့ အကျုံးဝင်သည်။

**လေကြောင်းပို့ဆောင်မှုရောင်းချခြင်းနှင့် ဈေးကွက်ရှာဖွေခြင်းလုပ်ငန်း**

၆။ လေကြောင်းပို့ဆောင်မှုရောင်းချခြင်းနှင့် ဈေးကွက်ရှာဖွေခြင်းလုပ်ငန်းသည် သက်ဆိုင်ရာ လေကြောင်းတစ်လိုင်းအနေဖြင့် ၎င်း၏ လေကြောင်းပို့ဆောင်ရေးဝန်ဆောင်မှုများကို လွတ်လပ်စွာရောင်းချခြင်းနှင့်ဈေးကွက်ရှာဖွေခြင်း ပြုလုပ်နိုင်သည့် အခွင့်အလမ်းများကို ဆိုသည်။ ၎င်းတွင် ဈေးကွက် သုတေသနပြုလုပ်ခြင်း၊ ကြော်ငြာခြင်းနှင့် ဖြန့်ဖြူးခြင်းတို့ ပါဝင်သည်။ သို့ရာတွင် လေကြောင်းပို့ဆောင်ရေးဝန်ဆောင်မှုများအတွက် ဈေးနှုန်းသတ်မှတ်ခြင်းနှင့် ယင်းနှင့်သက်ဆိုင်သည့် အခြေအနေသတ်မှတ်ချက်များ မပါဝင်ပါ။

**ကွန်ပျူတာကွန်ရက်သုံးစနစ်ဖြင့် လေယာဉ်လက်မှတ်ရောင်းချခြင်းလုပ်ငန်း**

၇။ ကွန်ပျူတာကွန်ရက်သုံးစနစ်ဖြင့် လေယာဉ်လက်မှတ် ရောင်းချခြင်းလုပ်ငန်းသည် လေကြောင်းလိုင်းများ၏ ခရီးစဉ်များ၊ ထိုင်ခုံနေရာကျန်ရှိမှု၊ လေယာဉ်ခနှုန်းထားနှင့် ယင်းအတွက် စည်းမျဉ်းများပါဝင်သောကွန်ပျူတာကွန်ရက်သုံးစနစ်ဖြင့် လေယာဉ်လက်မှတ်မှာကြားခြင်းနှင့် လေယာဉ်လက်မှတ်ထုတ်ပေးခြင်းတို့ပြုလုပ်သည့် လုပ်ငန်းကို ဆိုသည်။

**လေကြောင်းဖြင့် ကုန်စည်တင်ပို့ပေးခြင်းလုပ်ငန်း**

၈။ လေကြောင်းဖြင့် ကုန်စည်တင်ပို့ပေးခြင်းလုပ်ငန်းသည် ကုန်စည်များအား စတင်ထွက်ခွာသည့်နေရာမှ နောက်ဆုံးဆိုက်ရောက်ရမည့်နေရာသို့ လေကြောင်းဖြင့် ပို့ဆောင်မှုကို ကုန်ပို့သူအတွက် ဆောင်ရွက်ပေးသော သို့မဟုတ် ၎င်း၏ကိုယ်စားဆောင်ရွက်သော လေကြောင်းပို့ဆောင်ရေးဆိုင်ရာ ဆောင်ရွက်ချက်၊ အစီအစဉ်နှင့် ယင်းနှင့်သက်ဆိုင်သည့် လုပ်ငန်းများကို ဆိုသည်။

အဆိုပါလုပ်ငန်းတွင် အောက်ပါတို့ ပါဝင်သည်-

(က) လေကြောင်းလိုင်းနှင့်ဆက်သွယ်၍ ကုန်စည်တင်နေရာရယူခြင်း၊

(ခ) သွင်းကုန်/ထုတ်ကုန်ဆိုင်ရာ စာရွက်စာတမ်းများ ကြိုတင်ပြင်ဆင်ခြင်း၊

(ဂ) အကောက်ခွန်ဆိုင်ရာ လုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်း၊

(ဃ) ကုန်စည်များ ကောက်ယူခြင်းနှင့် ဖြန့်ဖြူးခြင်း၊

(င) ကုန်စည်များ ထုပ်ပိုးခြင်းနှင့် သိုလှောင်ခြင်း၊

(စ) ကုန်စည်များ စုပေါင်းခြင်းနှင့်ဖြန့်ခွဲခြင်း၊

(ဆ) ကုန်စည်လက်ခံသည့်နေရာမှ ပေးပို့ရမည့်နေရာသို့ ပို့ဆောင်ခြင်း၊

(ဇ) ကုန်စည်များ ကုန်းလမ်းပို့ဆောင်ခြင်း။

**လေယာဉ်အား အသေးစားစစ်ဆေးပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်း**

၉။ လေယာဉ်အား အသေးစားစစ်ဆေးပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းသည် လေယာဉ်များအား ၎င်းတို့၏ အခြေစိုက်လေဆိပ်၌ ဖြစ်စေ၊ လမ်းခရီးရှိ လေဆိပ်၌ဖြစ်စေ ဆိုက်ရောက်/ထွက်ခွာချိန်မှ (၂၄) နာရီ မကျော်လွန်သည့်ကာလအတွင်း လုပ်ရိုးလုပ်စဉ်နှင့် လုပ်ရိုးလုပ်စဉ်မဟုတ်သော စစ်ဆေးပြုပြင်မှုများ လုပ်ဆောင်ပေးသည့်လုပ်ငန်းကို ဆိုသည်။

**လေယာဉ်ဆိုက်ရောက်/ရပ်နား/ထွက်ခွာချိန်တွင် လေယာဉ်ရပ်နားရာနေရာ၌ မြေပြင်အထောက်အကူပြုလုပ်ငန်း**

၁၀။ လေယာဉ်ဆိုက်ရောက်/ရပ်နား/ထွက်ခွာချိန်တွင် လေယာဉ်ရပ်နားရာနေရာ၌ မြေပြင်အထောက်အကူပြုလုပ်ငန်းသည် လေယာဉ်ဆိုက်ရောက်ချိန်မှ ပြန်လည်ထွက်ခွာချိန်အထိ ရပ်နားထားစဉ်ကာလအတွင်း မြေပြင်အထောက်အကူပြု ပစ္စည်းကိရိယာများ အသုံးပြု၍ ဆောင်ရွက်ပေးသော လုပ်ငန်းကို ဆိုသည်။ အဆိုပါလုပ်ငန်းတွင် အောက်ပါတို့ပါဝင်သည် -

(က) မြေပြင်အထောက်အကူပြု စက်ပစ္စည်းကိရိယာများ (လေယာဉ်တွန်းဆွဲယာဉ်၊ လေအေးပေးစနစ်၊ လေယာဉ်၏ ဖိအားသုံး အကူစက်နှိုးစနစ်၊ မြေပြင်ဓာတ်အားပေးစနစ်၊ ကုန်စည်တင်ကိရိယာ၊ ကုန်စည်များ အစုလိုက်တင်ဆောင်သည့်ကိရိယာ)၊

(ခ) လေယာဉ်နှင့် ခရီးသည်ဆိုက်ရောက်/ထွက်ခွာဆောင်အကြား ခရီးသည်နှင့် လေယာဉ်အမှုထမ်းများအား ခရီးသည်တင်ယာဉ်ဖြင့် ပို့ဆောင်ခြင်း၊

(ဂ) လေဆိပ်မျက်နှာစာတွင် လေယာဉ်နှင့်ခရီးသည်များအား လုံခြုံရေးဆောင်ရွက်ပေးခြင်း၊

(ဃ) ရေအိမ်နှင့်လေယာဉ်အတွင်းပိုင်း သန့်ရှင်းရေးပြုလုပ်ခြင်း၊

(င) လွယ်လင့်တကူသယ်ဆောင်နိုင်သော သောက်သုံးရေ စီစဉ်ပေးခြင်း၊

(စ) စာတိုက်နှင့်ချောစာ စီစဉ်ပေးခြင်း၊

(ဆ) မြေပြင်အထောက်အကူပြုနှင့် ကုန်စည်များအစုလိုက် တင်ဆောင်သည့် ကိရိယာများ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း။

**လေကြောင်းခရီးသည်များ ဆိုက်ရောက်/ထွက်ခွာချိန်တွင် လေဆိပ်၌ ဝန်ဆောင်မှုပေးသည့်လုပ်ငန်း**

၁၁။ လေကြောင်းခရီးသည်များ ဆိုက်ရောက်/ထွက်ခွာချိန်တွင် လေဆိပ်၌ ဝန်ဆောင်မှုပေးသည့်လုပ်ငန်းသည် လေကြောင်းလိုင်း၏ လိုအပ်ချက်နှင့်အညီ ခရီးသည်များအား စာရင်းသွင်း (Check-in) နေရာမှ လေယာဉ်သို့ ပို့ဆောင်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းကို ဆိုသည်။

**ခရီးသည်များ၏ ဝန်စည်စလယ်များအား မြေပြင်အထောက်အကူပြုလုပ်ငန်း**

၁၂။ ခရီးသည်များ၏ ဝန်စည်စလယ်များအား မြေပြင်အထောက်အကူပြုလုပ်ငန်း ဆိုသည်မှာ ခရီးသည်ဆိုက်ရောက်/ထွက်ခွာဆောင်၌ ဆိုက်ရောက်နှင့်ထွက်ခွာမှုများကို ဆောင်ရွက်သည့်လုပ်ငန်းစဉ်ကို ဆိုသည်။

ထွက်ခွာခရီးစဉ်များတွင် အောက်ပါလုပ်ငန်းရပ် (၃) ခု ပါဝင်သည် -

(က) မြို့တွင်းစာရင်းသွင်း ခရီးသည်များက လေဆိပ်နယ်နိမိတ်ပြင်ပ၌ စာရင်းသွင်းခြင်း၊

(ခ) လေဆိပ်ဆိုက်ရောက်/ထွက်ခွာဆောင်၌ စာရင်းသွင်းခြင်း၊

(ဂ) စာရင်းသွင်းပြီး ခရီးသည်များက ဝန်စည်စလယ်များကို လေယာဉ်ထွက်ခွာမည့်နေရာ၌ စာရင်းသွင်းခြင်း။

ဝင်ရောက်ခရီးစဉ်များတွင် အောက်ပါလုပ်ငန်းရပ် (၃) ခု ပါဝင်သည် -

(က) လေယာဉ်ထံမှ ဝန်စည်စလယ်များချခြင်း၊

(ခ) လေယာဉ်နှင့် ဝန်စည်စလယ်ထုတ်ပေးသည့်နေရာအကြား သယ်ပို့ခြင်း၊

(ဂ) ဝန်စည်စလယ်ထုတ်ပေးသည့် ယူနစ်ပေါ်သို့ ဝန်စည်စလယ်များတင်ပေးခြင်း။

**လေကြောင်းကုန်စည်ကိုင်တွယ်ခြင်းလုပ်ငန်း**

၁၃။ လေကြောင်းကုန်စည်ကိုင်တွယ်ခြင်းလုပ်ငန်းသည် လေကြောင်းဖြင့် ပို့ဆောင်သော ကုန်စည်များအတွက် ကုန်လှောင်ရုံနှင့် အထောက်အကူပြုပစ္စည်းများ စီစဉ်ပေးခြင်း၊ ၎င်းတို့အား သွင်းထုတ်/သိုလှောင်ခြင်း၊ လိုအပ်သော စာရွက်စာတမ်းနှင့် အကောက်ခွန်ဆိုင်ရာ ကိစ္စများ ဆောင်ရွက်ပေးခြင်း စသည်တို့ကို လုပ်ဆောင်ပေးသော ဝန်ဆောင်မှုလုပ်ငန်းကို ဆိုသည်။

**လေယာဉ်ဆီ ဖြည့်တင်းပေးခြင်းလုပ်ငန်း**

၁၄။ လေယာဉ်ဆီ ဖြည့်တင်းပေးခြင်းလုပ်ငန်းသည် လေယာဉ်နှင့် လေဆိပ်ရှိ ယာဉ်များအတွက် ဆီသိုလှောင်ကန်များ စီမံခန့်ခွဲခြင်းနှင့် လုပ်ငန်းလည်ပတ်ခြင်းနှင့် ဆီဖြည့်တင်းပစ္စည်းများ ဖြန့်ဖြူးခြင်းကို ဆိုသည်။

**လေဆိပ်လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း**

၁၅။ လေဆိပ်လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းတွင် အောက်ပါလုပ်ငန်းရပ်များ ပါဝင်သည် -

(က) လေဆိပ်လုံခြုံရေးဆိုင်ရာ အတိုင်ပင်ခံလုပ်ငန်း၊

(ခ) လေဆိပ်ဝင်ထွက်ခွင့် ထိန်းချုပ်ခြင်းလုပ်ငန်း၊

(ဂ) လေဆိပ်၏ Landside နှင့် Airside တွင် လုံခြုံရေးအစောင့်နှင့် လှည့်ကင်းဆောင်ရွက်မှုဆိုင်ရာ လုပ်ငန်း၊

(ဃ) လေဆိပ်ရှိ စစ်ဆေးရှာဖွေရေးနေရာတွင် စစ်ဆေးရှာဖွေသည့်လုပ်ငန်း၊

(င) လေယာဉ်အား လုံခြုံရေးဆိုင်ရာ စစ်ဆေးရှာဖွေခြင်းနှင့် စစ်ဆေးခြင်းဆိုင်ရာလုပ်ငန်း၊

(စ) လေယာဉ်တင်ကုန်စည်နှင့် ချောစာစစ်ဆေးရှာဖွေသည့်လုပ်ငန်း၊

(ဆ) လေဆိပ်ရှိ မော်တော်ယာဉ်ရပ်နားနေရာ ထိန်းချုပ်ခြင်းလုပ်ငန်း၊

(ဇ) လေကြောင်းလုံခြုံရေးဆိုင်ရာ စက်ပစ္စည်းကိရိယာများ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း၊

(ဈ) လေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်သင်တန်းပေးခြင်း လုပ်ငန်းများ၊

(ည) လေကြောင်းလုံခြုံရေး အရည်အသွေး ထိန်းချုပ်မှုဆိုင်ရာ လုပ်ငန်းစဉ်များ ဆောင်ရွက်မှုလုပ်ငန်း။

**ပြည်တွင်းလေကြောင်းပို့ဆောင်ရေးလုပ်ငန်း**

၁၆။ ပြည်တွင်းလေကြောင်းပို့ဆောင်ရေးလုပ်ငန်းသည် မြန်မာနိုင်ငံ၏ နယ်နိမိတ်အတွင်း အခကြေးငွေအတွက်ဖြစ်စေ၊ ငှားရမ်းမှုအတွက်ဖြစ်စေ ခရီးသည်၊ ကုန်စည် သို့မဟုတ် ချောစာများအား ပို့ဆောင်ရန် လေယာဉ်ဖြင့် ဆောင်ရွက်သောလုပ်ငန်းကို ဆိုသည်။

**နိုင်ငံတကာလေကြောင်းပို့ဆောင်ရေးလုပ်ငန်း**

၁၇။ နိုင်ငံတကာလေကြောင်းပို့ဆောင်ရေးလုပ်ငန်းသည် မြန်မာနိုင်ငံနှင့် အခြားနိုင်ငံတစ်နိုင်ငံအကြား သို့မဟုတ် အခြားနိုင်ငံများအကြား အခကြေးငွေအတွက်ဖြစ်စေ၊ ငှားရမ်းမှုအတွက်ဖြစ်စေ ခရီးသည်၊ ကုန်စည် သို့မဟုတ် ချောစာများအား ပို့ဆောင်ရန် လေယာဉ်ဖြင့် ဆောင်ရွက်သောလုပ်ငန်းကို ဆိုသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြည်ထဲရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာ (၂၂၇၃/၂၀၁၆)**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်

(၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်)

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ အင်းတကော်မြို့၊ ကွင်းအမှတ်/အမည် (၁၁၇၀ ^က^/ဝါးကောက်တောကွင်း)၊ မြေကွက်အမှတ် (၁၅၅)ရှိ **မုံလယ်တောရဓမ္မရိပ်သာကျောင်း** အခွန်လွတ်သာသနာမြေဧရိယာ (၅. ၀၄) ဧကအနက်မှ **(၀. ၀၄) ဧက**အား ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၃၄ နှင့်အညီ **သိမ်ဒါယိကာမ ဒေါ်ငွေငွေဝင်း [၇/ပခန (နိုင်) ၁၁၃၀၈၈]** အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

**အမိန့်ကြော်ငြာစာ (၂၂၇၄/၂၀၁၆)**

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့နယ်၊ ဝါးချက်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၇၇၆/ဝါးချက်တောင်၊ ဦးပိုင်အမှတ် (၆၀) **အောက်မင်းဘူးကျောင်းတိုက်** မူလသာသနာမြေဧရိယာ **(၀. ၆၄) ဧကအနက်မှ (၀. ၀၂၂) ဧက**ကို ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၃ (က) နှင့်အညီ **သိမ်ဒါယိကာမ ဒေါ်ခင်မြင့်အေး [၅/စကန (နိုင်) ၁၀၃၀၈၉]** အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

**အမိန့်ကြော်ငြာစာ (၂၂၇၅/၂၀၁၆)**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ အမှတ် (၄၂) ရပ်ကွက် (ယခင်မြေတိုင်းရပ်ကွက်အမှတ်-၄၈ U9)၊ မြေကွက်အမှတ် (၁၆/ဃ) ရှိ **ဓမ္မစက္ကဝိဟာရမိဂဒါဝုန်ကျောင်းတိုက်** အခွန်လွတ်သာသနာမြေဧရိယာ (၁. ၃၀၅) ဧကအနက်မှ **(၀. ၀၉၅) ဧက**အား ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၃၄ နှင့်အညီ **သိမ်ဒါယကာ ဦးမင်းသိန်း [၁၂/ကမရ (နိုင်) ၀၀၇၄၈၄]** အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၂၂၇၇/၂၀၁၆)

ပြည်ထဲရေးဝန်ကြီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနက အသုံးပြုရန်မရှိသဖြင့် ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့တွင် ပြန်လည်အပ်နှံလာသည့် မွန်ပြည်နယ်၊ သထုံခရိုင်၊ ဘီးလင်းမြို့နယ်၊ အရက်သီမ ကျေးရွာရှိ ကွင်းအမှတ်/အမည်-၈၉၄/ဦးချက်ဖောင်းကွင်း၊ ဦးပိုင်အမှတ်-(၂)၊ **မြေဧရိယာ (၁၀၀. ၀၀) ဧကကို** ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည် စိစစ်ရေးဗဟိုကော်မတီမှ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်စွဲပါ စာအမှတ်၊ ၇၂၃/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၆ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

ပြည်ထဲရေးဝန်ကြီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ (၁၀၀. ၀၀)ဧကကို နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၂၂၇၈/၂၀၁၆)

ကာကွယ်ရေးဝန်ကြီးဌာန၊ **အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ အမှတ် (၂) တပ်မတော်ဂေါက်ကွင်း** အတွက် ပြည်ထဲရေးဝန်ကြီးဌာန၏ ၁၉၉၆ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်စွဲပါ မြေသိမ်းအမိန့်ကြော်ငြာစာဖြင့် **မြေဧရိယာ (၁၇. ၀၈)** ဧက၊ ၂၀၀၇ ခုနှစ်၊ ဇွန်လ ၁၅ ရက်စွဲပါ မြေသိမ်းအမိန့်ကြော်ငြာစာဖြင့် **မြေဧရိယာ (၂၂၆. ၀၅၈) ဧက၊** ၁၉၉၆ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်စွဲပါ မြေလွှဲအမိန့်ကြော်ငြာစာဖြင့် **မြေဧရိယာ (၁၄၃. ၅၂)** ဧက၊ ၂၀၀၇ ခုနှစ်၊ မေလ ၂၄ ရက်စွဲပါ မြေလွှဲအမိန့်ကြော်ငြာစာဖြင့် **မြေဧရိယာ (၂၂၉. ၉၉၂) ဧက၊** စုစုပေါင်း မြေသိမ်း/မြေလွှဲဖြင့်ရယူထားသည့် **ဧရိယာ (၆၁၆. ၆၅၀) ဧက** အနက် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ်၊ စဥ့်ဟယ်ရပ်ကွက်၊ ရွှေညောင် (၂) ရှိ ကွင်းအမည်-OSS/ကွင်းပြင်ပ၊ ဦးပိုင်အမှတ်-(-)၊ တစ်စိတ်တစ်ဒေသ **မြေဧရိယာ (၂၅. ၅၀) ဧကကို** ကာကွယ်ရေးဝန်ကြီးဌာနမှ ဆက်လက် အသုံးပြုရန်မရှိသဖြင့် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီမှ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်စွဲပါ စာအမှတ်၊ ၂၈/၁-ကော်မတီ/မစခ(ဗဟို)/၂၀၁၆ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့သဖြင့် အဆိုပါ **မြေဧရိယာ (၂၅. ၅၀) ဧကကို နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

ပြည်ထဲရေးဝန်ကြီးဌာန၏ မြေသိမ်းမြေလွှဲအမိန့်ကြော်ငြာစာဖြင့် လွှဲပြောင်းပေးခဲ့သော စုစုပေါင်း မြေဧရိယာ (၆၁၆. ၆၅၀) ဧကအနက် ပြန်လည်စွန့်လွှတ်အပ်နှံလာသည့် **မြေဧရိယာ (၂၅. ၅၀) ဧကကို** ချန်လှပ်ပြီး ကျန်ရှိ**မြေဧရိယာ (၅၉၁. ၁၅) ဧကကို** ကာကွယ်ရေးဝန်ကြီးဌာန၊ **အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်၊ အမှတ် (၂) တပ်မတော်ဂေါက်ကွင်း**မြေအဖြစ် အမိန့်ပြင်ဆင်သတ်မှတ်လိုက်သည်။

ကာကွယ်ရေးဝန်ကြီးဌာန၊ **အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ အမှတ် (၂) တပ်မတော်ဂေါက်ကွင်း**မြေအဖြစ် အမိန့်ပြင်ဆင်သတ်မှတ်သည့် **မြေဧရိယာ (၅၉၁. ၁၅) ဧကကို** ကာကွယ်ရေးဝန်ကြီးဌာနက အသုံးမပြုသော နေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၂၂၇၉/၂၀၁၆)

ကယားပြည်နယ်၊ လွိုင်ကော်ခရိုင်၊ လွိုင်ကော်မြို့နယ်၊ လောပိတကျေးရွာအုပ်စုရှိ ကွင်းအမည်- ၁၅၅/လောပိတရွာမကွင်းပြင်၊ ဦးပိုင်အမှတ်-(ယာယီ-၁) မှ **မြေဧရိယာ (၁၅၁. ၆၁) ဧကကို** ကာကွယ်ရေး ဝန်ကြီးဌာန၊ **အမှတ် (၇၂) ခြေလျင်တပ်ရင်း** မှ ဆက်လက်အသုံးပြုရန်မရှိသဖြင့် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြေအသုံးချမှု စီမံခန့်ခွဲရေးဗဟိုကော်မတီမှ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်စွဲပါ စာအမှတ်၊ ၂၇/၁-ကော်မတီ/ မစခ (ဗဟို)/၂၀၁၆ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

ကာကွယ်ရေးဝန်ကြီးဌာန၊ **အမှတ် (၇၂) ခြေလျင်တပ်ရင်း** မှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ (၁၅၁. ၆၁) ဧကကို နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၂၃၄၉/၂၀၁၆)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၁၅ ရက်

(၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်)

ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၀၄/၂၀၁၅)ဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ အခမဲ့လွှဲပြောင်းပေးခဲ့သည့် ချင်းပြည်နယ်၊ ဟားခါးခရိုင်၊ ဟားခါးမြို့၊ ပြည်တော်သာရပ်ကွက်၊ အကွက်အမှတ်/အမည်-၂၂/ပြည်တော်သာ၊ ဦးပိုင်အမှတ် (၂၁)၊ မြေဧရိယာ (၀. ၁၇၁) ဧကအနက်မှ ကြားလမ်းတိုးချဲ့ဖောက်လုပ်ရာတွင်ပါဝင်သွားသည့် မြေဧရိယာ (၀. ၂၀)ဧက အား နုတ်ပယ်ပြီး ကျန်ရှိသည့် မြေဧရိယာ (၀. ၁၅၁) ဧကအား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ **ချင်းပြည်နယ်ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန**သို့ အမိန့်ပြင်ဆင်သတ်မှတ်လိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်ခွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၂၃၅၀/၂၀၁၆)

ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနက ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ညောင်လေးပင်မြို့နယ်၊ မြို့မ (၃) ရပ်ကွက်၊ အကွက်အမှတ် (ရပ်-၁၄)၊ အကွက်အမည် (ဆေးရုံရပ်)၊ ကွင်းအမှတ်၊ အမည် M ၈၆၊ M၁၀၇/RCM ကျောင်း၊ ဦးပိုင်အမှတ် (၁၂) ရှိ မြေဧရိယာ **(၁. ၁၈၂၅) ဧက**ကို မူလပိုင်ရှင်အား ပြန်လည်ပေးအပ်ရန်အတွက် လွှဲပြောင်းပေးရန် ရည်ရွယ်၍ နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်စွဲပါ စာအမှတ်၊ ၈၇၃/၁-ကော်မတီ/မြေ(ဗဟို)/၂၀၁၆ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနက စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ (၁. ၁၈၂၅) ဧက**ကို **မူလသာသနာမြေ**အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၂၃၅၁/၂၀၁၆)

စက်မှုဝန်ကြီးဌာန၊ အမှတ် (၃) အကြီးစားလုပ်ငန်းက ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်အနောက်ပိုင်းခရိုင်၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂)၊ မြေကွက်အမှတ် (၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉/က၊ ၁၀၊ ၁၁/က၊ ၁၂/က၊ ၁၄/က)၊ မြေတိုင်းရပ်ကွက်အမှတ် (၇)၊ မြေကွက်အမှတ် (၁၊ ၂၊ ၃၊ ၄၊ ၅၊ ၈)၊ မြေဧရိယာ (၈၇. ၇၂) ဧကကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ လွှဲပြောင်းပေးရန် ရည်ရွယ်၍ နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်စွဲပါ စာအမှတ်၊ ၈၇၄/၁-ကော်မတီ/မြေ(ဗဟို)/၂၀၁၆ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

စက်မှုဝန်ကြီးဌာန၊ အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်းက စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ (၈၇. ၇၂) ဧက**ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၂၃၅၂/၂၀၁၆)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနက ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ဖြူးမြို့နယ်၊ မင်းကံရိုးကျေးရွာအုပ်စုရှိ ကွင်းအမှတ်/အမည်-၂၆၂-ခ၊ ဆင်ပချပ်ကွင်း၊ ဦးပိုင်အမှတ်-(၁၂)၊ **မြေဧရိယာ (၁. ၉၀) ဧက**ကို မူလပိုင်ရှင်ထံသို့ လွှဲပြောင်းပေးရန် ရည်ရွယ်၍ နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ၊ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၆ ခုနှစ်၊

နိုဝင်ဘာလ ၂၁ ရက်စွဲပါ စာအမှတ်၊ ၈၇၉/၁-ကော်မတီ/မြေ(ဗဟို)/၂၀၁၆ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ (၁. ၉၀) ဧကကို နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၂၃၅၃/၂၀၁၆)

ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာနက ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စလင်းမြို့နယ်၊ ဈေးမရပ်ကွက်ရှိ ကွင်းအမှတ်/အမည်-11/ဈေးမ၊ ဦးပိုင်အမှတ်-(၁၂၆)၊ **မြေဧရိယာ (၀. ၅၆၁) ဧကအနက်မှ (၀. ၁၁၈) ဧကကို** မြို့နေပြည်သူလူထု (၆၀) ဦးမှ လွှတ်လပ်ရေးနေ့ အခမ်းအနားများ ကျင်းပပြုလုပ်နိုင်ရေးအတွက် လွှဲပြောင်းပေးရန် ရည်ရွယ်၍ နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်စွဲပါ စာအမှတ်၊ ၈၇၆/၁-ကော်မတီ/မြေ(ဗဟို)/၂၀၁၆ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည် အဆိုပါ **မြေဧရိယာ (၀. ၅၆၁) ဧကအနက်မှ (၀. ၁၁၈) ဧကကို နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၂၃၇၅/၂၀၁၆)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက်

(၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်)

ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၀၂ ခုနှစ်၊ မေလ ၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာဖြင့် ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၁၂၁) ထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်ရင်းအတွက် အခမဲ့မြေလွှဲပြောင်းအမိန့်နှင့် ပြင်ဦးလွင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၂၀၀၂ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်စွဲပါ မြေသိမ်းအမိန့်ဖြင့် ပေးခဲ့သော မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ စဉ့်ကူးမြို့နယ်၊ ပျောင်းအင်းနှင့် ခူလယ်ကျေးရွာ၊ ကွင်းအမှတ်/အမည်-၆၊ ၇၊ ၈/ပျောင်းအင်း/ခူလယ်၊ ဦးပိုင်အမှတ် (-)၊ **မြေဧရိယာ (၆၀၀. ၀၀) ဧကကို** ကာကွယ်ရေးဝန်ကြီးဌာနမှ ဆက်လက်အသုံးပြုရန်မရှိသဖြင့် ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်စွဲပါ စာအမှတ်၊ ၅၄၈/၁-ကော်မတီ/မစခ(ဗဟို)/၂၀၁၅ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့သဖြင့် အဆိုပါ**မြေဧရိယာ (၆၀၀. ၀၀)ဧကကို နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၂၃၇၆/၂၀၁၆)

ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၁၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာဖြင့် ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၄၁၄) ခြေမြန်တပ်ရင်းအတွက် အခမဲ့မြေလွှဲပြောင်းပေးခဲ့သော နေပြည်တော်၊ ဒက္ခိဏခရိုင်၊ လယ်ဝေးမြို့နယ်၊ သပြေပင်ကျေးရွာအုပ်စု၊ ကွင်းအမည်-ရေနီသစ်တော ကြိုးဝိုင်းမြေ၊ ဦးပိုင်အမှတ် (-)၊ **မြေဧရိယာ (၇၀၈. ၇၈) ဧက**၏ တစ်စိတ်တစ်ဒေသဖြစ်သော **(၅၂. ၀၀) ဧက** ကို ကာကွယ်ရေးဝန်ကြီးဌာနမှ ဆက်လက်အသုံးပြုရန်မရှိသဖြင့် ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်စွဲပါ စာအမှတ်၊ ၄၅၃/၁-ကော်မတီ/မစခ(ဗဟို)/၂၀၁၅ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့သဖြင့် အဆိုပါ **မြေဧရိယာ (၅၂. ၀၀) ဧကကို နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

ပြည်ထဲရေးဝန်ကြီးဌာန၏ မြေလွှဲအမိန့်ကြော်ငြာစာဖြင့် လွှဲပြောင်းပေးခဲ့သော **မြေဧရိယာ (၇၀၈. ၇၈) ဧက**အနက် ပြန်လည်စွန့်လွှတ်အပ်နှံလာသည့်**မြေဧရိယာ (၅၂. ၀၀) ဧက**ကိုချန်လှပ်ပြီး ကျန်ရှိ**မြေဧရိယာ (၆၅၆. ၇၈) ဧကကို** ကာကွယ်ရေးဝန်ကြီးဌာန၊ **အမှတ် (၄၁၄) ခြေမြန်တပ်ရင်း** မြေအဖြစ် အမိန့် ပြင်ဆင်သတ်မှတ်လိုက်သည်။

ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၄၁၄) ခြေမြန်တပ်ရင်းမြေအဖြစ် အမိန့်ပြင်ဆင်သတ်မှတ်သည့် မြေဧရိယာ **(၆၅၆. ၇၈)** ဧကကို ကာကွယ်ရေးဝန်ကြီးဌာနက အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည် အပ်နှံရမည်။

**အမိန့်ကြော်ငြာစာ (၂၃၈၈/၂၀၁၆)**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်

(၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်)

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မကွေးမြို့နယ်၊ ကန်ပြားကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၁၆၁၁$^{ခ-၁}$/ကန်ပြားအနောက်ရွာ၊ ဦးပိုင်အမှတ်(၁၇၆$^{၂/၂}$)၊ **ရွာတောကျောင်းတိုက်** အခွန်လွတ်သာသနာ့ မြေဧရိယာ **(၂. ၅၈) ဧကအနက်မှ (၀. ၀၃၇) ဧက**ကို ဗဒ္ဓသိမ်မြေအဖြစ်အသုံးပြုရန်အတွက် ဝိသုံဂါမ သီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အထက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ ၅၃ (က) နှင့်အညီ **သိမ်ဒါယကာ ဦးဇော်ကိုဦး [၈/မဂဒ (နိုင်) ၀၈၅၆၆၉]** အား ဗဒ္ဓသိမ်မြေဂရန်ထုတ်ပေးခွင့်ပြုသည်။

**အမိန့်ကြော်ငြာစာ (၂၃၈၉/၂၀၁၆)**

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့၊ အမှတ် (၄) ရပ်ကွက်၊ ကွင်းအမှတ်/အမည် (OSS-၅၃A/မြဝတီအပြင်ကွင်း)၊ ဦးပိုင်အမှတ် (N/၄၆-၁) ရှိ **ဝိဝေကာရာမပရိယတ္တိစာသင်တိုက်**အခွန်လွတ် သာသနာမြေဧရိယာ (၂. ၂၈) ဧကအနက်မှ **(၀. ၀၈၃) ဧက**အား ဗဒ္ဓသိမ်မြေအဖြစ်အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အောက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ ၃၄ နှင့်အညီ **သိမ်ဒါယကာ ဦးဇော်လွင် [၁၀/မဒန (နိုင်) ၀၀၀၄၄၅]** အား ဗဒ္ဓသိမ်မြေဂရန်ထုတ်ပေးခွင့်ပြုသည်။

**အမိန့်ကြော်ငြာစာ (၂၄၁၂/၂၀၁၆)**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက်

(၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနက အသုံးပြုရန်မရှိသဖြင့် မူလပိုင်ရှင်သို့ ပြန်လည်လွှဲပြောင်းပေးအပ်ရန် ရည်ရွယ်၍ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့တွင် ပြန်လည်အပ်နှံခဲ့သည့် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ကျောက်ဖျာကျေးရွာအုပ်စု (မြိတ်မြို့သစ်)၊ ကွင်းအမှတ်/အမည်-၁၇၃(က)/ကဘင်၊ ဦးပိုင်အမှတ် (၁၉) မှ **မြေဧရိယာ (၁. ၈၃) ဧက**ရှိ မြေကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်စွဲပါ စာအမှတ်၊ ၉၉၇/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၆ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ (၁. ၈၃) ဧကကို နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

**အမိန့်ကြော်ငြာစာ (၂၄၁၄/၂၀၁၆)**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက်

(၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်)

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ တာဝဘူတာကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၁၁၅၈/ကျိုက်ကေမြောက်ကွင်း)၊ ဦးပိုင်အမှတ် (N ၃၄/၃) ရှိ **မဟာဖြဟ္မစိုရ်ဘုန်းတော်ကြီးကျောင်း** အခွန်လွတ်သာသနာမြေဧရိယာ (၀. ၅၃) ဧကအနက်မှ **(၀. ၀၂၁) ဧက**အား ဗဒ္ဓသိမ်မြေအဖြစ်အသုံးပြုရန် အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အောက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ ၃၄ နှင့်အညီ **သိမ်ဒါယကာ ဦးနောင်နောင်ဝင်း [၁၂/သကတ (နိုင်) ၁၅၇၈၇၅]** အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၂၄၁၅/၂၀၁၆)

ကာကွယ်ရေးဝန်ကြီးဌာန၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် (တပ်ပြင်ပကရိန်နော်မြေ) က အသုံးပြုရန်မရှိသဖြင့် မူလပိုင်ရှင်သို့ ပြန်လည်လွှဲပြောင်းပေးအပ်ရန် ရည်ရွယ်၍ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ပြန်လည်အပ်နှံခဲ့သည့် ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့နယ်၊ ရွှေစက်ရပ်ကွက်၊ ကွင်းအမှတ်/အမည် (၂၈/မန်ခိန်ရွှေစက်)၊ ဦးပိုင်အမှတ် (၂၇၈) မှ **မြေဧရိယာ (၃. ၇၄) ဧက**ရှိ မြေကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်စွဲပါ စာအမှတ်၊ ၉၉၄/၁-ကော်မတီ/မြေ(ဗဟို)/၂၀၁၆ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

ကာကွယ်ရေးဝန်ကြီးဌာန၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် (တပ်ပြင်ပကရိန်နော်မြေ) မှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ (၃. ၇၄) ဧက**ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၂၄၁၆/၂၀၁၆)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနက အသုံးပြုရန်မရှိသဖြင့် မကွေးတိုင်းဒေသကြီး လွှတ်တော်ရုံးတည်ဆောက်နိုင်ရန် ရည်ရွယ်၍ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်နေ့တွင် ပြန်လည်အပ်နှံခဲ့သည့် မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မကွေးမြို့နယ်၊ မြင်သာကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၁၆၄၈/၂၆၁၃/ဆုံကုန်းရိုးကွင်း)၊ ဦးပိုင်အမှတ် (၁၃/က-၄) မှ **မူလမြေဧရိယာ (၂၀၀. ၁၃) ဧက** ၏ တစ်စိတ်တစ်ဒေသဖြစ်သော **မြေဧရိယာ (၇. ၄၈) ဧက**ရှိ မြေကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်စွဲပါ စာအမှတ်၊ ၁၀၂၂/၁-ကော်မတီ/မြေ(ဗဟို)/၂၀၁၆ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ (၇. ၄၈) ဧက**ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၂၄၁၇/၂၀၁၆)

ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၃၇၀) အမြောက်တပ်ရင်းက အသုံးပြုရန်မရှိသဖြင့် မူလပိုင်ရှင်သို့ ပြန်လည်လွှဲပြောင်းပေးအပ်ရန်ရည်ရွယ်၍ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ပြန်လည်အပ်နှံခဲ့သည့် ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ မိုးမောက်မြို့နယ်၊ နောင်ကွမ်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၁၄၀/ဦးပေါ်ပွဲဝါ၊ ပေါ်ခမ်းလျှို၊ ပေါ်ဆိုင်မီး၊ ပေါ်ဟင်ပေါင်း၊ ပေါ်ခမ်းကျင်၊ ဦးပိုင်အမှတ်-၁၄၊ ၂၅၊ ၁၈/က၊ ၁၈၊ ၁၉၊ ၂၈ မှ **မူလမြေဧရိယာ (၆၁၇. ၀၀) ဧက**၏ တစ်စိတ်တစ်ဒေသဖြစ်သော **မြေဧရိယာ (၅၀. ၄၁) ဧက**ရှိ မြေကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်စွဲပါ စာအမှတ်၊ ၉၉၅/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၆ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၃၇၀) အမြောက်တပ်ရင်းမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ (၅၀. ၄၁) ဧက**ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြည်ထဲရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြန်ကြားရေးဝန်ကြီးဌာန**

၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၁၁ ရက်

(၂၀၁၇ ခုနှစ်၊ ဧပြီလ ၇ ရက်)

အမှတ် ၄၇ ။ ။ ဤဝန်ကြီးရုံး၏ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၃၅) ဖြင့် ဖွဲ့စည်းခဲ့သည့် နေပြည်တော်ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည် -

**နေပြည်တော် ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ**

(က) ဦးဝင်းရှိန် — ဥက္ကဋ္ဌ
အုပ်ချုပ်ရေးမှူး
နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ခ) ရဲမှူးကြီး ဇော်ခင်အောင် — အဖွဲ့ဝင်
နေပြည်တော်ရဲတပ်ဖွဲ့မှူး
နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံး

(ဂ) ဒေါ်ဆွေဆွေခိုင် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
ပြည်တွင်းအခွန်များဦးစီးဌာန

(ဃ) ဦးကျော်မျိုးခန့် — အဖွဲ့ဝင်
အင်ဂျင်နီယာမှူး
နေပြည်တော်မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

(င) ဒေါ်သင်းသင်းဇင် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
နေပြည်တော်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(စ) ဦးကပ်တလွန်း — အဖွဲ့ဝင်
ခရိုင်ဥပဒေအရာရှိ
ဒက္ခိဏခရိုင်၊ နေပြည်တော်

(ဆ) ဦးဇော်မင်းထက် — အဖွဲ့ဝင်
ဥက္ကဋ္ဌ
နေပြည်တော်ဗီဒီယိုအခြေခံအဖွဲ့

(ဇ) ဦးကျော်စိုး — အတွင်းရေးမှူး
ညွှန်ကြားရေးမှူး
နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

အမှတ် ၄၈ ။ ။ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၀/၂၀၁၇) မှ သဘောတူညီချက်အရ ပြန်ကြားရေး ဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် လစာနှုန်း (၅၀၀,၀၀၀/-) ဦးမောင်ဖေ အား အများပြည်သူအကျိုးငှာ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၇ ခုနှစ်၊ မေလ ၁၉ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့အထိ ငြင်းပယ်လိုက်သည်။

အမှတ် ၄၉ ။ ။ အဆိုပါငြင်းပယ်ခဲ့သည့် သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့မှ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့အထိကို ခံစားခွင့်ပြုပြီး ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်
(၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၀ ရက်)

အမှတ် ၅၀ ။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အောက်ဖော်ပြပါအမှုထမ်း (၁၁) ဦးအား ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါ ရာထူးနေရာသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၈ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | မူလရာထူး၊ လစာနှုန်း | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း |
|---|---|---|---|
| (၁) | ဒေါ်စုသက်မှူး | အသံလွှင့်ကျွမ်းကျင် (၁)<br>(၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀) | ဦးစီးအရာရှိ (အယ်ဒီတာ) (ပြည်တွင်း)<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>အသံလွှင့်ဌာနခွဲ |
| (၂) | ဒေါ်အေးအေးထွန်း | အသံလွှင့်ကျွမ်းကျင် (၁)<br>(၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀) | ဦးစီးအရာရှိ (ထုတ်လုပ်ရေးမှူး)<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>အသံလွှင့်ဌာနခွဲ |
| (၃) | ဒေါ်ပဲန်စီတာမွိုင်း | အသံလွှင့်ကျွမ်းကျင် (၁)<br>(၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀) | ဦးစီးအရာရှိ (ထုတ်လုပ်ရေးမှူး)<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>အသံလွှင့်ဌာနခွဲ |
| (၄) | ဦးမင်းဟန် | ရုပ်သံကျွမ်းကျင် (၁)<br>(၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀) | ဦးစီးအရာရှိ (ထုတ်လုပ်ရေးမှူး)<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ရုပ်မြင်သံကြားဌာနခွဲ |
| (၅) | ဦးဇေယျာကျော်ဝင်း | ရုပ်သံကျွမ်းကျင် (၁)<br>(၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀) | ဦးစီးအရာရှိ (ထုတ်လုပ်ရေးမှူး)<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ရုပ်မြင်သံကြားဌာနခွဲ |
| (၆) | ဦးဝင်းထွဋ်အောင် | ရုပ်သံကျွမ်းကျင် (၁)<br>(၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀) | ဦးစီးအရာရှိ (ထုတ်လုပ်ရေးမှူး)<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ရုပ်မြင်သံကြားဌာနခွဲ |
| (၇) | ဦးကျော်မျိုးဝင်း | ရုပ်သံကျွမ်းကျင် (၁)<br>(၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀) | ဦးစီးအရာရှိ (ထုတ်လုပ်ရေးမှူး)<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ရုပ်မြင်သံကြားဌာနခွဲ |
| (၈) | ဒေါ်မြတ်သူသူဝင်း | ရုပ်သံကျွမ်းကျင် (၁)<br>(၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀) | ဦးစီးအရာရှိ (ထုတ်လုပ်ရေးမှူး)<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ရုပ်မြင်သံကြားဌာနခွဲ |
| (၉) | ဦးအောင်အောင်ဦး | ရုပ်သံကျွမ်းကျင် (၁)<br>(၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀) | ဦးစီးအရာရှိ (ထုတ်လုပ်ရေးမှူး)<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ရုပ်မြင်သံကြားဌာနခွဲ |
| (၁၀) | ဒေါ်နန့်မူရှီး | ရုပ်သံကျွမ်းကျင် (၁)<br>(၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀) | ဦးစီးအရာရှိ (ထုတ်လုပ်ရေးမှူး)<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ရုပ်မြင်သံကြားဌာနခွဲ |

| စဉ် | အမည် | မူလရာထူး၊ လစာနှုန်း | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း |
|---|---|---|---|
| (၁၁) | ဒေါ်မိရှုပါထွန်း | ရုပ်သံကျွမ်းကျင် (၁) (၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀) | ဦးစီးအရာရှိ (ထုတ်လုပ်ရေးမှူး) (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ရုပ်မြင်သံကြားဌာနခွဲ |

၁၃၇၉ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်
(၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၇ ရက်)

အမှတ် ၅၁ ။ ။ ဤဝန်ကြီးရုံး၏ ၂၀၁၇ ခုနှစ်၊ မတ်လ ၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၉) ဖြင့် ဖွဲ့စည်းခဲ့သည့် မွန်ပြည်နယ် ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်မြင့်၊ ပြည်နယ်အုပ်ချုပ်ရေးမှူး၊ မွန်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန **အစား** ဦးလှဝင်းတင်၊ ပြည်နယ်အုပ်ချုပ်ရေးမှူး၊ မွန်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည်။

ဒေါက်တာဖေမြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စက်မှုဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၁၀၉/၂၀၁၅-၂၀၁၆)

၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်
(၂၀၁၆ ခုနှစ်၊ မတ်လ ၃ ရက်)

၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၆) ၏ သဘောတူညီချက်အရ စက်မှုဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ လစာနှုန်း (၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀) တန်း အောက်ဖော်ပြပါ ဝန်ထမ်း (၅) ဦးတို့အား ဝန်ကြီးရုံးတွင် လစ်လပ်လျက်ရှိသည့် ၎င်းတို့အမည်နှင့် ယှဉ်တွဲပါ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) တန်း အရာထမ်းအဆင့် ရာထူးနေရာအသီးသီးသို့ ၂၀၁၆ ခုနှစ်၊ မတ်လ ၁ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|---|
| (၁) | ဦးဝင်းမင်းထိုက် | စာရင်းကိုင် (၁) ဝန်ကြီးဌာနတွင်းစာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲ | ဦးစီးအရာရှိ ဝန်ကြီးဌာနတွင်းစာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲ |
| (၂) | ဒေါ်နန်းမြကြာခြည် | ဦးစီးမှူး စီမံကိန်းနှင့်စာရင်းအင်းဌာနခွဲ | ဦးစီးအရာရှိ စီမံကိန်းနှင့်စာရင်းအင်းဌာနခွဲ |
| (၃) | ဒေါ်ဝင်းယုယုနှင်း | ဦးစီးမှူး ပြည်တွင်း/ပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲ | ဦးစီးအရာရှိ ပြည်တွင်း/ပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲ |
| (၄) | ဒေါ်စန်းကေသွယ် | ဦးစီးမှူး ပြည်တွင်း/ပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲ | ဦးစီးအရာရှိ ပြည်တွင်း/ပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲ |

| စဉ် | အမည် | လက်ရှိရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|---|
| (၅) | ဦးသန်းဇော်ဦး | စာရင်းစစ် (၁)<br>ဝန်ကြီးဌာနတွင်းစာရင်းစစ်နှင့်<br>ဘဏ္ဍာရေးဌာနခွဲ | ဦးစီးအရာရှိ<br>ဝန်ကြီးဌာနတွင်းစာရင်းစစ်နှင့်<br>ဘဏ္ဍာရေးဌာနခွဲ |

## အမိန့်ကြော်ငြာစာအမှတ် (၁၁၀/၂၀၁၅-၂၀၁၆)

၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၇/၂၀၁၆) ၏ သဘောတူညီချက်အရ ပညာရေးဝန်ကြီးဌာနရှိ လူ့စွမ်းအားအရင်းအမြစ်နှင့်ပညာရေးစီမံကိန်းဦးစီးဌာနမှ လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) တန်း လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးထက်အောင် အား တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ ထုတ်လုပ်မှုညှိနှိုင်းရေးဌာန၌ လစ်လပ်လျက်ရှိသည့် လစာနှုန်းတူ လက်ထောက်ညွှန်ကြားရေးမှူးရာထူးဖြင့် ခန့်ထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၁၁/၂၀၁၅-၂၀၁၆)

၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၇/၂၀၁၆) ၏ သဘောတူညီချက်အရ စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနရှိ ကရင်ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) တန်း ဌာနခွဲမှူး ဒေါ်ယဉ်ဖြိုးနိုင် အား ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ မော်တော်ယာဉ်သင်တန်းခွဲ၌ လစ်လပ်လျက်ရှိသည့် လစာနှုန်းတူ လက်ထောက်ကထိကရာထူးဖြင့် ပြောင်းရွှေ့တာဝန်ထမ်းဆောင်နိုင်ရေးအတွက် တာဝန်ဝတ္တရားများကို စတင်စွန့်လွှတ်သည့်နေ့မှစ၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာနသို့ အပြီးအပိုင် လွှဲပြောင်းပေးလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၁၂/၂၀၁၅-၂၀၁၆)

၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၇/၂၀၁၆) ၏ သဘောတူညီချက်အရ စက်မှုဝန်ကြီးဌာနရှိ ဌာန/စက်ရုံများမှ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) တန်း အောက်ဖော်ပြပါ အရာထမ်း (၇) ဦးတို့အား အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနရှိ ဌာနများ၌ လစ်လပ်လျက်ရှိသည့် ၎င်းတို့အမည်နှင့် ယှဉ်တွဲပါ လစာနှုန်းတူရာထူးဖြင့် ပြောင်းရွှေ့တာဝန်ထမ်းဆောင်နိုင်ရေးအတွက် တာဝန်ဝတ္တရားများကို စတင်စွန့်လွှတ်သည့်နေ့မှစ၍ အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနသို့ အပြီးအပိုင် လွှဲပြောင်းပေးလိုက်သည် -

| စဉ် | အမည် | လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခွင့်ပြုသည့်ရာထူး၊ ဌာန |
|---|---|---|---|
| (၁) | ဒေါ်ဘေဘီစိုး | ဌာနခွဲမှူး<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေး<br>ဦးစီးဌာန (ရုံးချုပ်) | နည်းပြအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>အလုပ်သမားညွှန်ကြားရေး<br>ဦးစီးဌာန |
| (၂) | ဒေါ်ယမင်းဝင့် | အလုပ်ရုံခွဲမှူး<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>အမှတ် (၃၁) အကြီးစားစက်ရုံ<br>(သရက်)<br>အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း | နည်းပြအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>အလုပ်သမားညွှန်ကြားရေး<br>ဦးစီးဌာန |

| စဉ် | အမည် | လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခွင့်ပြုသည့်ရာထူး၊ ဌာန |
|---|---|---|---|
| (၃) | ဒေါ်နှင်းနွယ်ဝင်း | အလုပ်ရုံခွဲမှူး (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) အမှတ် (၃၅) အကြီးစားစက်ရုံ (ချောက်) အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း | နည်းပြအရာရှိ (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန |
| (၄) | ဒေါ်ခင်မာလွင် | လက်ထောက်မန်နေဂျာ (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) အမှတ် (၃) အကြီးစားစက်မှု လုပ်ငန်း (ရုံးချုပ်) | နည်းပြအရာရှိ (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန |
| (၅) | ဦးစိုးမိုးအောင် | အလုပ်ရုံခွဲမှူး (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) အဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း) အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း | နည်းပြအရာရှိ (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန |
| (၆) | ဒေါ်ခင်မျိုးဇာ | အလုပ်ရုံခွဲမှူး (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) သတင်းစာစက္ကူစက်ရုံ (သာပေါင်း) အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း | နည်းပြအရာရှိ (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန |
| (၇) | ဒေါ်ဝင်းပပဖြိုး | အလုပ်ရုံခွဲမှူး (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) အဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း) အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း | ဦးစီးအရာရှိ (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) လူမှုဖူလုံရေးအဖွဲ့ |

## အမိန့်ကြော်ငြာစာအမှတ် (၁၂၆/၂၀၁၅-၂၀၁၆)

၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်
(၂၀၁၆ ခုနှစ်၊ မတ်လ ၂၉ ရက်)

၂၀၁၆ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၁/၂၀၁၆) ၏ သဘောတူညီချက်အရ စက်မှုဝန်ကြီးဌာန၊ အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်းရှိ အမှတ် (၁၀) အထည်စက်ရုံ (တောင်သာ) မှ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) တန်း အလုပ်ရုံခွဲမှူး ဦးလင်းထင် အား သမဝါယမဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၌ လစ်လပ်လျက်ရှိသည့် လစာနှုန်းတူ ဦးစီးအရာရှိရာထူးဖြင့် ပြောင်းရွှေ့တာဝန်ထမ်းဆောင်နိုင်ရေးအတွက် တာဝန်ဝတ္တရားများကို စတင်စွန့်လွှတ်သည့်နေ့မှစ၍ သမဝါယမဝန်ကြီးဌာနသို့ အပြီးအပိုင် လွှဲပြောင်းပေးလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၂၇/၂၀၁၅-၂၀၁၆)

၂၀၁၆ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၁/၂၀၁၆) ၏ သဘောတူညီချက်အရ စက်မှုဝန်ကြီးဌာန၊ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်းရှိ အမှတ် (၃၆) အကြီးစားစက်ရုံ (ကျောက်ဆည်) မှ လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) တန်း လက်ထောက်စက်ရုံမှူး ဦးမြင့်ထွန်း အား ပြည်ထဲရေး

ဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ လစ်လပ်လျက်ရှိသည့် လစာနှုန်းတူ ဒုတိယညွှန်ကြားရေးမှူး ရာထူးဖြင့် ပြောင်းရွှေ့တာဝန်ထမ်းဆောင်နိုင်ရေးအတွက် တာဝန်ဝတ္တရားများကို စတင်စွန့်လွှတ်သည့်နေ့မှစ၍ ပြည်ထဲရေးဝန်ကြီးဌာနသို့ အပြီးအပိုင် လွှဲပြောင်းပေးလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၂၈/၂၀၁၅-၂၀၁၆)

၂၀၁၆ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၁/၂၀၁၆) ၏ သဘောတူညီချက်အရ စက်မှုဝန်ကြီးဌာနရှိ ဌာန/စက်ရုံများမှ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) တန်း အောက်ဖော်ပြပါ အရာထမ်း (၂) ဦးတို့အား အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန၌ လစ်လပ်လျက်ရှိသည့် လစာနှုန်းတူ ဦးစီးအရာရှိရာထူးဖြင့် ပြောင်းရွှေ့တာဝန်ထမ်းဆောင်နိုင်ရေးအတွက် တာဝန်ဝတ္တရားများကို စတင်စွန့်လွှတ်သည့်နေ့မှစ၍ အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနသို့ အပြီးအပိုင် လွှဲပြောင်းပေးလိုက်သည် -

| စဉ် | အမည် | လက်ရှိရာထူး၊ ဌာန |
|---|---|---|
| (၁) | ဒေါ်တင်လင်းစိုး | ဌာနခွဲမှူး<br>စစ်ကိုင်းတိုင်းဒေသကြီးစက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန<br>စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန |
| (၂) | ဦးစောနိုင် | အလုပ်ရုံခွဲမှူး<br>အမှတ် (၁) အထည်စက်ရုံ (ရွှေတောင်)<br>အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း |

## အမိန့်ကြော်ငြာစာအမှတ် (၁၂၉/၂၀၁၅-၂၀၁၆)

၂၀၁၆ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၁/၂၀၁၆) ၏ သဘောတူညီချက်အရ စက်မှုဝန်ကြီးဌာနရှိ ဌာန/စက်ရုံများမှ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) တန်း အောက်ဖော်ပြပါ အရာထမ်း (၂) ဦးတို့အား မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနရှိ ၎င်းတို့အမည်နှင့်ယှဉ်တွဲပါဌာနများ၌ လစ်လပ်လျက်ရှိသည့် လစာနှုန်းတူ ဦးစီးအရာရှိရာထူးဖြင့် ပြောင်းရွှေ့တာဝန်ထမ်းဆောင်နိုင်ရေးအတွက် တာဝန်ဝတ္တရားများကို စတင်စွန့်လွှတ်သည့်နေ့မှစ၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနသို့ အပြီးအပိုင် လွှဲပြောင်းပေးလိုက်သည် -

| စဉ် | အမည် | လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခွင့်ပြုသည့်ရာထူး၊ ဌာန |
|---|---|---|---|
| (၁) | ဒေါ်မွန်မြတ်အောင် | ဌာနခွဲမှူး<br>ပဲခူးတိုင်းဒေသကြီးစက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန<br>စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန | ဦးစီးအရာရှိ<br>ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| (၂) | ဒေါ်ဆည်းဆာ | အလုပ်ရုံခွဲမှူး<br>အမှတ် (၃၃) အကြီးစားစက်ရုံ (ကျောက်ဆည်)<br>အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း | ဦးစီးအရာရှိ<br>မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန |

ဦးမောင်မြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စက်မှုဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**မြန်မာနိုင်ငံဆေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၆**

၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်

(၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်)

မြန်မာနိုင်ငံဆေးကောင်စီ နာယကအဖွဲ့သည် မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ မြန်မာနိုင်ငံဆေးကောင်စီကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| ၁။ | ပါမောက္ခဒေါက်တာအက်စ်ကျော်လှ<br>ပါမောက္ခ/ဌာနမှူး (ငြိမ်း)<br>ကလေးကျန်းမာပညာဌာန | ဥက္ကဋ္ဌ |
| ၂။ | ပါမောက္ခဒေါက်တာခင်မောင်အေး<br>ပါမောက္ခ/ဌာနမှူး (ငြိမ်း)<br>နှလုံးခွဲစိတ်ကုဌာန | ဒုတိယ ဥက္ကဋ္ဌ |
| ၃။ | ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၄။ | ညွှန်ကြားရေးမှူးချုပ်<br>ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၅။ | ညွှန်ကြားရေးမှူးချုပ်<br>ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်<br>ဖွံ့ဖြိုးတိုးတက်ရေးနှင့်စီမံခန့်ခွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၆။ | ညွှန်ကြားရေးမှူးချုပ်<br>ဆေးသုတေသနဦးစီးဌာန | အဖွဲ့ဝင် |
| ၇။ | ညွှန်ကြားရေးမှူးချုပ်<br>အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၈။ | ဗိုလ်မှူးကြီးဇော်မျိုးဟန်<br>တပ်မှူး၊ တပ်မတော်အသည်းရောဂါအထူးကုဆေးရုံကြီး<br>အဆင့်မြင့်ကိုယ်စားလှယ်<br>ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး<br>ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) | အဖွဲ့ဝင် |
| ၉။ | ပါမောက္ခချုပ်<br>ဆေးတက္ကသိုလ် (၁)၊ ရန်ကုန် | အဖွဲ့ဝင် |
| ၁၀။ | ပါမောက္ခချုပ်<br>ဆေးတက္ကသိုလ် (၂)၊ ရန်ကုန် | အဖွဲ့ဝင် |
| ၁၁။ | ပါမောက္ခချုပ်<br>ဆေးတက္ကသိုလ်၊ မန္တလေး | အဖွဲ့ဝင် |
| ၁၂။ | ပါမောက္ခချုပ်<br>ဆေးတက္ကသိုလ်၊ မကွေး | အဖွဲ့ဝင် |

၁၃။ ပါမောက္ခချုပ် — အဖွဲ့ဝင်
ဆေးတက္ကသိုလ်၊ တောင်ကြီး

၁၄။ ပါမောက္ခချုပ် — အဖွဲ့ဝင်
တပ်မတော်ဆေးတက္ကသိုလ်

၁၅။ ပါမောက္ခဒေါက်တာနေဝင်း — အဖွဲ့ဝင်
ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့

၁၆။ ပါမောက္ခဒေါက်တာမျိုးညွန့် — အဖွဲ့ဝင်
ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့

၁၇။ ဒေါက်တာရဲထွဋ် — အဖွဲ့ဝင်
အမှုဆောင်အဖွဲ့ဝင်၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့

၁၈။ ပါမောက္ခဒေါက်တာရဲမြ — အဖွဲ့ဝင်
ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို)

၁၉။ ပါမောက္ခဒေါက်တာမြင့်သောင်း — အဖွဲ့ဝင်
အမှုဆောင်အဖွဲ့ဝင်၊ မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို)

၂၀။ ပါမောက္ခဒေါက်တာစိန်ဝင်း — အဖွဲ့ဝင်
စာရင်းစစ်၊ မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို)

၂၁။ နေပြည်တော်ကုသရေးဦးစီးဌာနမှူး — အဖွဲ့ဝင်
ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

၂၂။ ပြည်နယ်ကုသရေးဦးစီးဌာနမှူး — အဖွဲ့ဝင်
ပြည်နယ်ကုသရေးဦးစီးဌာန
ကချင်ပြည်နယ်

၂၃။ ပြည်နယ်ကုသရေးဦးစီးဌာနမှူး — အဖွဲ့ဝင်
ပြည်နယ်ကုသရေးဦးစီးဌာန
ကယားပြည်နယ်

၂၄။ ပြည်နယ်ကုသရေးဦးစီးဌာနမှူး — အဖွဲ့ဝင်
ပြည်နယ်ကုသရေးဦးစီးဌာန
ကရင်ပြည်နယ်

၂၅။ ပြည်နယ်ကုသရေးဦးစီးဌာနမှူး — အဖွဲ့ဝင်
ပြည်နယ်ကုသရေးဦးစီးဌာန
ချင်းပြည်နယ်

၂၆။ တိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူး — အဖွဲ့ဝင်
တိုင်းဒေသကြီးကုသရေးဦးစီးဌာန
စစ်ကိုင်းတိုင်းဒေသကြီး

၂၇။ တိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူး — အဖွဲ့ဝင်
တိုင်းဒေသကြီးကုသရေးဦးစီးဌာန
တနင်္သာရီတိုင်းဒေသကြီး

၂၈။ တိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူး — အဖွဲ့ဝင်
တိုင်းဒေသကြီးကုသရေးဦးစီးဌာန
ပဲခူးတိုင်းဒေသကြီး

၂၉။ တိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူး　အဖွဲ့ဝင်
တိုင်းဒေသကြီးကုသရေးဦးစီးဌာန
မကွေးတိုင်းဒေသကြီး

၃၀။ တိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူး　အဖွဲ့ဝင်
တိုင်းဒေသကြီးကုသရေးဦးစီးဌာန
မန္တလေးတိုင်းဒေသကြီး

၃၁။ ပြည်နယ်ကုသရေးဦးစီးဌာနမှူး　အဖွဲ့ဝင်
ပြည်နယ်ကုသရေးဦးစီးဌာန
မွန်ပြည်နယ်

၃၂။ ပြည်နယ်ကုသရေးဦးစီးဌာနမှူး　အဖွဲ့ဝင်
ပြည်နယ်ကုသရေးဦးစီးဌာန
ရခိုင်ပြည်နယ်

၃၃။ တိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူး　အဖွဲ့ဝင်
တိုင်းဒေသကြီးကုသရေးဦးစီးဌာန
ရန်ကုန်တိုင်းဒေသကြီး

၃၄။ ပြည်နယ်ကုသရေးဦးစီးဌာနမှူး　အဖွဲ့ဝင်
ပြည်နယ်ကုသရေးဦးစီးဌာန
ရှမ်းပြည်နယ်

၃၅။ တိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူး　အဖွဲ့ဝင်
တိုင်းဒေသကြီးကုသရေးဦးစီးဌာန
ဧရာဝတီတိုင်းဒေသကြီး

၃၆။ ပါမောက္ခ/ဌာနမှူး　အဖွဲ့ဝင်
ဥပဒေရေးရာဆေးပညာဌာန
ဆေးတက္ကသိုလ် (၁)၊ ရန်ကုန်

၃၇။ ဗိုလ်မှူးချုပ်မြသိန်းဟန် (ငြိမ်း)　အဖွဲ့ဝင်
ဆေးဝန်ထမ်းညွှန်ကြားရေးမှူး (ငြိမ်း)

၃၈။ ပါမောက္ခဒေါက်တာအေးမောင်ဟန်　အဖွဲ့ဝင်
ပါမောက္ခချုပ် (ငြိမ်း)

၃၉။ ပါမောက္ခဒေါက်တာညွှန့်သိန်း　အဖွဲ့ဝင်
ပါမောက္ခ/ဌာနမှူး (ငြိမ်း)
ဆေးပညာဌာန

၄၀။ ဒေါက်တာပေါ်မြင့်ဦး　အဖွဲ့ဝင်
ဥက္ကဋ္ဌ
မြန်မာနိုင်ငံဆရာဝန်အသင်း၊ နေပြည်တော်
နိုင်ငံ့ဝန်ထမ်းမဟုတ်သော မှတ်ပုံတင်ဆရာဝန်ကိုယ်စားလှယ်

၄၁။ ဒေါက်တာသင်းလွင်　အဖွဲ့ဝင်
ဆေးရုံအုပ်ကြီး (အငြိမ်းစား)
နိုင်ငံ့ဝန်ထမ်းမဟုတ်သော မှတ်ပုံတင်ဆရာဝန်ကိုယ်စားလှယ်
ကချင်ပြည်နယ်

၄၂။ ဒေါက်တာဒေါ်သန်းစိန် အဖွဲ့ဝင်
နိုင်ငံ့ဝန်ထမ်းမဟုတ်သော မှတ်ပုံတင်ဆရာဝန်ကိုယ်စားလှယ်
ကယားပြည်နယ်

၄၃။ ဒေါက်တာဌေးနောင် အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (ငြိမ်း)
နိုင်ငံ့ဝန်ထမ်းမဟုတ်သော မှတ်ပုံတင်ဆရာဝန်ကိုယ်စားလှယ်
ကရင်ပြည်နယ်

၄၄။ ဒေါက်တာမှူးတန် အဖွဲ့ဝင်
နိုင်ငံ့ဝန်ထမ်းမဟုတ်သော မှတ်ပုံတင်ဆရာဝန်ကိုယ်စားလှယ်
ချင်းပြည်နယ်

၄၅။ ဒေါက်တာဝင်းသန့်ဦး အဖွဲ့ဝင်
နိုင်ငံ့ဝန်ထမ်းမဟုတ်သော မှတ်ပုံတင်ဆရာဝန်ကိုယ်စားလှယ်
စစ်ကိုင်းတိုင်းဒေသကြီး

၄၆။ ဒေါက်တာသန်းဝင်း အဖွဲ့ဝင်
နိုင်ငံ့ဝန်ထမ်းမဟုတ်သော မှတ်ပုံတင်ဆရာဝန်ကိုယ်စားလှယ်
တနင်္သာရီတိုင်းဒေသကြီး

၄၇။ ဒေါက်တာတင်သိန်း အဖွဲ့ဝင်
နိုင်ငံ့ဝန်ထမ်းမဟုတ်သော မှတ်ပုံတင်ဆရာဝန်ကိုယ်စားလှယ်
ပဲခူးတိုင်းဒေသကြီး

၄၈။ ဒေါက်တာဦးအောင်မြင့် အဖွဲ့ဝင်
နိုင်ငံ့ဝန်ထမ်းမဟုတ်သော မှတ်ပုံတင်ဆရာဝန်ကိုယ်စားလှယ်
မကွေးတိုင်းဒေသကြီး

၄၉။ ဒေါက်တာခင်မောင်မြင့် အဖွဲ့ဝင်
နိုင်ငံ့ဝန်ထမ်းမဟုတ်သော မှတ်ပုံတင်ဆရာဝန်ကိုယ်စားလှယ်
မန္တလေးတိုင်းဒေသကြီး

၅၀။ ဒေါက်တာဇော်တင် အဖွဲ့ဝင်
နိုင်ငံ့ဝန်ထမ်းမဟုတ်သော မှတ်ပုံတင်ဆရာဝန်ကိုယ်စားလှယ်
မွန်ပြည်နယ်

၅၁။ ဒေါက်တာချမ်းသာ အဖွဲ့ဝင်
နိုင်ငံ့ဝန်ထမ်းမဟုတ်သော မှတ်ပုံတင်ဆရာဝန်ကိုယ်စားလှယ်
ရခိုင်ပြည်နယ်

၅၂။ ဒေါက်တာစိုင်းခမ်းလှိုင် အဖွဲ့ဝင်
ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး (ငြိမ်း)
နိုင်ငံ့ဝန်ထမ်းမဟုတ်သော မှတ်ပုံတင်ဆရာဝန်ကိုယ်စားလှယ်
ရှမ်းပြည်နယ်

၅၃။ ဒေါက်တာမောင်မောင်အောင် အဖွဲ့ဝင်
နိုင်ငံ့ဝန်ထမ်းမဟုတ်သော မှတ်ပုံတင်ဆရာဝန်ကိုယ်စားလှယ်
ဧရာဝတီတိုင်းဒေသကြီး

၅၄။ ဒေါက်တာမြင့်သိန်း အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

၅၅။ ဒေါ်သန်းသန်းရီ — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း)
ပြည်ထောင်စုရှေ့နေချုပ်ရုံး

၅၆။ ဒေါက်တာတင်ညွန့် — ဘဏ္ဍာရေးမှူး
ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)

၅၇။ ပါမောက္ခဒေါက်တာကြည်ကြည်သင်း — အတွင်းရေးမှူး
ပါမောက္ခ/ဌာနမှူး (ငြိမ်း)
အဏုဇီဝဗေဒဌာန

၅၈။ ဒေါက်တာဝေမြင့် — တွဲဖက်အတွင်းရေးမှူး
နိုင်ငံဝန်ထမ်းမဟုတ်သော မှတ်ပုံတင်ဆရာဝန်ကိုယ်စားလှယ်
ရန်ကုန်တိုင်းဒေသကြီး

မြန်မာနိုင်ငံဆေးကောင်စီ၏ တာဝန်ဝတ္တရားများမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်တွင်းပြည်ပရှိ ဆေးတက္ကသိုလ် သို့မဟုတ် ဆေးကောလိပ်တစ်ခုခုကဖြစ်စေ၊ ဆေးပညာအတွက် ဖွဲ့စည်းထားသည့် အခြားအဖွဲ့အစည်း တစ်ခုခုကဖြစ်စေ အပ်နှင်းသည့် ဆေးပညာဘွဲ့များကို အသိအမှတ်ပြုခြင်း၊ အသိအမှတ်ပြုရန် ငြင်းပယ်ခြင်း၊

(ခ) ကောင်စီက အသိအမှတ်ပြုထားသော ဆေးပညာဘွဲ့များကို အခါအားလျော်စွာ ထုတ်ပြန်ကြေညာခြင်း၊

(ဂ) မှတ်ပုံတင်ဆရာဝန်စာရင်းနှင့် ဆေးကုသခွင့်လိုင်စင်ရ ဆရာဝန်စာရင်းများကို ပြုစုထားရှိခြင်းနှင့် အခါအားလျော်စွာ ထုတ်ပြန်ခြင်း၊

(ဃ) ဆရာဝန်များ၏ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးနှင့် အဆင့်အတန်းကို ထိန်းသိမ်းမြှင့်တင်နိုင်ရန် လေ့လာဆန်းစစ်ခြင်း၊ လိုအပ်သလို ဆောင်ရွက်ခြင်း၊ အစိုးရဌာနအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း၊

(င) နိုင်ငံတော်ပိုင် ဆေးရုံ၊ ဆေးခန်းများနှင့် ပုဂ္ဂလိကပိုင် ဆေးရုံ၊ ဆေးခန်းများ၏ ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်း ထိန်းသိမ်းမြှင့်တင်ရန်နှင့် လုံခြုံမှုရှိစေရန် လိုအပ်သော စံချိန်စံညွှန်း သတ်မှတ်ထုတ်ပြန်ခြင်း၊ ဆန်းစစ်ခြင်းနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခြင်း၊

(စ) ဆေးပညာသင်ကြားမှု အဆင့်အတန်းမြင့်မားစေရေးနှင့် အရည်အသွေးပြည့်ဝသော ဆေးပညာရှင်များ ပေါ်ပေါက်စေရေးတို့အတွက် တိုးတက်ပြောင်းလဲနေသော ဆေးပညာသင်ကြားရေးစနစ်များကို လေ့လာသုံးသပ်၍ သက်ဆိုင်ရာတက္ကသိုလ်များ၊ သင်ကြားရေးဌာနများနှင့် ညှိနှိုင်းဆွေးနွေးခြင်း၊ အကြံပြုခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) နိုင်ငံတော်၏ ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ချက်နှင့်အညီ ဆရာဝန်များ ဆေးပညာစဉ်ဆက်မပြတ် သင်ကြားမှု ရရှိစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးတက္ကသိုလ်များ၊ ဆေးပညာဆိုင်ရာအသင်းအဖွဲ့များ၊ ပညာရှင်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဇ) ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်းမြင့်မားစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနသို့ အကြံပြုခြင်း၊

(ဈ) ဆရာဝန်များ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်သိက္ခာများကို သတ်မှတ်ကြေညာခြင်း၊

(ည) ဆရာဝန်၏ ကျင့်ဝတ်သိက္ခာများကို လိုက်နာစေရန် ကြီးကြပ်ကွပ်ကဲခြင်းနှင့် လိုက်နာစောင့်ထိန်းရန် ပျက်ကွက်မှုများနှင့် စပ်လျဉ်းသည့် တင်ပြချက်များကို စုံစမ်းစစ်ဆေးခြင်းနှင့် လိုအပ်သလို အရေးယူဆောင်ရွက်ခြင်း၊

(ဋ) ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း၊ ဆေးရုံ၊ ဆေးပေးခန်းများတွင် ဆေးနှင့် ဆေးပစ္စည်းကိရိယာများ သုံးစွဲခြင်း၊ သုတေသနပြုခြင်းတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအဖွဲ့အစည်းများအား ညှိနှိုင်းဆွေးနွေးခြင်း၊ အကြံပြုခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဌ) ကောင်စီ၏ အစည်းအဝေးများတွင် သက်ဆိုင်သည့် ပညာရပ်ဆိုင်ရာ ဝါရင့်ပါမောက္ခများကို လိုအပ်ပါက ဖိတ်ကြား၍ အကြံဉာဏ်တောင်းခံခြင်း။

မြန်မာနိုင်ငံဆေးကောင်စီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကောင်စီ၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အောက်ဖော်ပြပါ ကော်မတီများကို ကောင်စီဝင်များနှင့် အခြားသင့်လျော်သော ပုဂ္ဂိုလ်များ ပါဝင်စေလျက် ဖွဲ့စည်းခြင်းနှင့် ယင်းကော်မတီအသီးသီး၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(၁) မှတ်ပုံတင်လက်မှတ်နှင့် ဆေးကုသခွင့်လိုင်စင် စိစစ်ရေးကော်မတီ၊

(၂) ဆေးပညာဘွဲ့လက်မှတ်စိစစ်ရေးနှင့် အသိအမှတ်ပြုရေးကော်မတီ၊

(၃) ကျင့်ဝတ်သိက္ခာနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ၊

(၄) ဆေးပညာသင်ကြားရေးနှင့် လေ့ကျင့်ရေးလုပ်ငန်းများ အရည်အသွေးနှင့် အဆင့်အတန်း မြင့်မားရေးအတွက် စံချိန်စံညွှန်းသတ်မှတ်ရေးနှင့် ကြီးကြပ်ရေးကော်မတီ၊

(၅) ကုသရေးဆိုင်ရာ အရည်အသွေး၊ အဆင့်အတန်းနှင့် လုံခြုံမှုအတွက် စံချိန်စံညွှန်း သတ်မှတ်ရေးနှင့် ကြီးကြပ်ရေးကော်မတီ၊

(၆) ဆေးပညာသင်ကြားရေးနှင့် ကုသရေးလုပ်ငန်းများကို စံချိန်စံညွှန်းပြည့်မီကြောင်း တရားဝင် အသိအမှတ်ပြုရေးကော်မတီ၊

(၇) ဆေးပညာစဉ်ဆက်မပြတ် သင်ကြားရေးကော်မတီ၊

(၈) ဘဏ္ဍာရေးကော်မတီ၊

(၉) ဥပဒေရေးရာကော်မတီ၊

(၁၀) အခြားလိုအပ်သော ကော်မတီများ။

(ခ) မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း၊ ထုတ်ပေးရန် ငြင်းပယ်ခြင်းနှင့် ပယ်ဖျက်ခြင်း၊

(ဂ) ဆေးကုသခွင့်လိုင်စင်နှင့်စပ်လျဉ်း၍ ထုတ်ပေးခြင်း၊ ထုတ်ပေးရန် ငြင်းပယ်ခြင်း၊ ပယ်ဖျက်ခြင်း၊ ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်းနှင့် စိစစ်၍ ပြန်လည်ထုတ်ပေးခြင်း၊

(ဃ) ဆေးကုသခွင့်လိုင်စင်သက်တမ်းသတ်မှတ်ခြင်း၊ သက်တမ်းတိုးမြှင့်ပေးခြင်းနှင့် သက်တမ်းတိုးမြှင့် ပေးရန် ငြင်းပယ်ခြင်း၊

(င) နိုင်ငံတော်နှင့် ကောင်စီအတွက် အကျိုးဖြစ်ထွန်းစေမည့် ကိစ္စရပ်များကို နိုင်ငံတကာ၊ ဒေသ ဆိုင်ရာနှင့် ပြည်တွင်းပြည်ပရှိ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ပညာရှင်များနှင့် လိုအပ်သလို ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) မှတ်ပုံတင်ကြေး၊ လိုင်စင်ကြေး၊ လိုင်စင်သက်တမ်းတိုးမြှင့်ကြေးနှင့် ရက်လွန်ကြေး၊ စာမေးပွဲကြေးနှင့် အခြားသောအထွေထွေဝန်ဆောင်စရိတ်များကို သတ်မှတ်ခြင်းနှင့် ကောက်ခံခြင်း။

မြန်မာနိုင်ငံဆေးကောင်စီ၏ သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ ၄ နှစ် သတ်မှတ်လိုက်သည်။

(၁) ဒေါက်တာသန်းအောင်
ပြည်ထောင်စုဝန်ကြီး
ကျန်းမာရေးဝန်ကြီးဌာန

(၂) ပါမောက္ခ ဒေါက်တာမောင်မောင်ဝင့်
ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)

(၃) ပါမောက္ခ ဒေါက်တာသိန်းညွှန့်
ပါမောက္ခ/ဌာနမှူး (ငြိမ်း)

မြန်မာနိုင်ငံဆေးကောင်စီ နာယကအဖွဲ့ဝင်များ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၅၀/၂၀၁၆**

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်

(၂၀၁၆ ခုနှစ်၊ မတ်လ ၁၇ ရက်)

၂၀၁၆ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့တွင်ကျင်းပပြုလုပ်သော အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ (၂/၂၀၁၆) ကြိမ်မြောက် အစည်းအဝေး၏ သဘောတူခွင့်ပြုချက်အရ ပြည်ထောင်စုဝန်ကြီးရုံးမှ ဒုတိယအမြဲတမ်းအတွင်းဝန် လစာနှုန်း (၃၈၀,၀၀၀-၄,၀၀၀-၄၀၀,၀၀၀) ဦးသန့်စင်လွင် အား လုပ်ငန်းလိုအပ်ချက်အရ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသို့ လစာနှုန်းတူ ဒုတိယညွှန်ကြားရေးမှူးချုပ် ရာထူးနေရာဖြင့် ၂၀၁၆ ခုနှစ်၊ မတ်လ ၁၈ ရက်နေ့ နံနက်ပိုင်းမှစ၍ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေလိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၅၁/၂၀၁၆**

